ကတညုတာ စေတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၉၀)

## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးမှပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့အား ကြိုဆိုနှုတ်ဆက်

**ရန်ကုန် ဇူလိုင် ၁၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေလိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ခဲ့ပြီးနောက် ယနေ့ညနေ ၄ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် **စာမျက်နှာ ၃ ကော်လံ ၁** ❐

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ချစ်ကြည်ရေးခရီးရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်ဇနီး ဒေါ်ခင်လေးမြင့်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဇူလိုင် ၁၁ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး ခေတ္တရပ်နားကြသည်။**

### ဝန်ကြီးချုပ်အားကြိုဆို

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာရှူရုံခိုင်၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ရှောက်ချိဝေ၊ ပြည်နယ်အဆင့် ဌာနအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ စစ်သံမှူးဗိုလ်မှူးကြီး စိန်ဂျော်၊ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးသိန်းဇော်နှင့် ဇနီး၊ ဝန်ထမ်းများ၊ မိသားစုများက ကြိုဆိုကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် **စာမျက်နှာ ၅ ကော်လံ ၁** ■

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်)

# အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက် ရိုးရာယဉ်ကျေးမှုအစဉ်အလာများ ထာဝစဉ်မြှင့်တင်

မြန်မာတို့သည် သမိုင်းတစ်လျှောက် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ထိပ်တန်းကျကျနေထိုင်လာခဲ့ကြသည်။ မြန်မာနိုင်ငံသည် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်မှုတွင် နိုင်ငံတကာကပင် အသိအမှတ်ပြုထားကြရသော နိုင်ငံဖြစ်သည်။

ထို့ကြောင့် ယဉ်ကျေးသောနိုင်ငံ၊ သိမ်မွေ့သောလူမျိုးများပီပီ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကို တန်ဖိုးထားကြရမည် ဖြစ်သည်။ တိုင်းတစ်ပါးယဉ်ကျေးမှု ဓလေ့စရိုက်များ ထိုးဖောက်လွှမ်းမိုးမှု မခံရစေရန် သတိပြုကြရမည်ဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားတိုင်းက အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုများ ဖြစ်ထွန်းလျက်ရှိသည်။ ယင်းသို့ ကမ္ဘာ့နိုင်ငံများ ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုနှင့်အတူ ကမ္ဘာ့နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် နိုင်ငံရေးကွန်ရက် ဖြန့်ကြက်နိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသည်ကို တွေ့မြင်နေရသည်။

အဆိုပါ နိုင်ငံကြီးများသည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူငယ်လူရွယ်များအပေါ် ယဉ်ကျေးမှုလွှမ်းမိုးသည့်နည်းဖြင့် ထိုးဖောက်လာတတ်ကြသည်။ ယင်းနိုင်ငံကြီးများ၏ တေးဂီတ၊ အဆို၊ အက၊ လူနေမှုဓလေ့စရိုက်၊ အတွေးအခေါ်၊ အယူအဆများကို သွတ်သွင်းလာတတ်ကြသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာ ထာဝရမြင့်မားနေစေရန် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးလျက်ရှိသည်။ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေးအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေး၊ လူငယ်များအကြား အမျိုးသားယဉ်ကျေးမှုဓလေ့စရိုက်များ မြတ်နိုးထိန်းသိမ်းလိုသည့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလာပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ကိုယ်ပိုင်အမျိုးသား မူဟန်မပျက် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး ဦးတည်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှ စတင်၍ နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြောက် ပြိုင်ပွဲအကြိုပြင်ဆင်ဆဲကာလကို ရောက်ရှိခဲ့ပြီဖြစ်သည်။

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် -

**"ယခုနှစ်တွင် ကျင်းပမည့် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲကြီး ယခင်နှစ်များကထက် စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်ဖြင့် ကျင်းပနိုင်ရေးအတွက် ပညာရှင်ကြီးများ၊ ဦးစီးကော်မတီဝင်များနှင့် ကော်မတီ၊ ဆပ်ကော်မတီအားလုံးက ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးစေလိုကြောင်း။"**

ပြောကြားသွားသည်။

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့၊ ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် ယခင်နှစ်များကထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံနှင့်လူမျိုးဂုဏ် ထာဝရမြင့်မားနေစေရေးအတွက် အမျိုးသားယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများ မပျောက်ပျက်စေရေး ထာဝစဉ်မြှင့်တင်စောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၁၉-၇-၂၀၀၄

(တနင်္လာနေ့)

### နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

### ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -The Impact of Agricultural Technology (ဒုတိယနှစ်၊ ပထဝီဝင်အထူးပြု)
၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသ သတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၆:၅၀ ၁၇။ မေးမြန်းစူးစမ်း
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်"** (အပိုင်း-၈)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ အရှင်ဇနကာဘိဝံသ၏ထေရုပ္ပတ္တိ **"ကုသိုလ်ကောင်းမှု ပေါင်းစုပြုရာ ပစ္စည်းလေးပါး ဒါယကာ"**
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားစားသမား"** (အပိုင်း-၂၁)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇူလိုင် ၁၆ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ချင်းပြည်နယ်အိမ်တွင်းမှုသင်တန်းကျောင်း(နည်းပြ) သင်တန်းသူများ၏ ကနုကမာနှင့် ကျောက်စီပန်းချီ လက်တွေ့လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းဖော်ပြပြီး)

(နယ်စပ်/စည်ပင်)

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း စစ်ကိုင်းနှင့် မန္တလေးတိုင်းအတွင်း ဘဏ်လုပ်ငန်းများစစ်ဆေးမှာကြား

ရန်ကုန် ဇူလိုင် ၁၈

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင် ၁၆ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေယာဉ်ဖြင့်ထွက်ခွာခဲ့ရာ စစ်ကိုင်းမြို့သို့ရောက်ရှိပြီး စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအတွင်းရှိ မြဇရာခန်းမတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ စစ်ကိုင်းခရိုင်အတွင်းမှ ဝန်ထမ်းများအား တွေ့ဆုံ၍မှာကြားသည်။**

ရှေးဦးစွာ စစ်ကိုင်းခရိုင်အတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိဌာနများမှ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က လုပ်ငန်းပိုင်းဆိုင်ရာအမှာစကားများ ပြောကြားကြသည်။

### ဘဏ်ခွဲအဆောက်အအုံ

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့မှ ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် မြင်းမူမြို့သို့ ရောက်ရှိပြီး မြို့နယ်မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်းတို့အား စစ်ဆေးကြည့်ရှုရာ သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များက ရှင်းလင်းပြသသည်။ ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ချောင်းဦးမြို့သို့ ရောက်ရှိပြီး အသစ် တည်ဆောက်ထားသည့် မြို့နယ် ဘဏ်ခွဲအဆောက်အအုံအား စစ်ဆေးရာ တာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းတင်ပြရာ ဝန်ကြီးက အဆောက်အအုံနှင့်ပတ်သက်သည့် လိုအပ်ချက်များ မှာကြားသည်။

ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မုံရွာမြို့သို့ ညနေပိုင်းတွင် ရောက်ရှိပြီး မုံရွာမြို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအတွင်းရှိ မြသလ္လာခန်းမတွင် မုံရွာခရိုင်အတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တိုင်း၊ ခရိုင်အဆင့်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကား ပြောကြားကြသည်။

### စီးပွားရေးဘဏ်

ဇူလိုင် ၁၇ရက်နံနက်တွင် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မုံရွာမှ ထွက်ခွာပြီး ဘုတလင် ဒီပဲယင်းမြို့နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်များကို စစ်ဆေးကြည့်ရှုသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရေဦးမြို့နယ်နှင့် ခင်ဦးမြို့နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်လက်အောက်ရှိ အဆောက်အအုံနေရာနှင့် အသစ်တည်ဆောက်ရန်လျာထားသည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

၎င်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရွှေဘိုမြို့သို့ ရောက်ရှိပြီး ရွှေဘို ရန်ကြီးအောင်ခန်းမတွင် ရွှေဘိုခရိုင်အတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများအားတွေ့ဆုံ၍ ဌာနအလိုက် လုပ်ငန်းပိုင်းဆိုင်ရာ ရှင်းလင်းတင်ပြခြင်းများအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များမှာကြားသည်။

ဇူလိုင် ၁၈ရက်တွင် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ ပြည်တွင်းအခွန်များဦးစီးဌာန(တိုင်းရုံး) အစည်းအဝေးခန်းမတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနလက်အောက်ရှိ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာအဖွဲ့များနှင့်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုများအပေါ် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ **ရှေ့ဖုံးမှ**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ခေါင်းဆောင် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသံအမတ်ကြီး H.E. Pehin Dato Haji Hussin bin Haji Sulaimanနှင့်ဇနီး၊ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Yu Boren နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**ပြန်လည်လိုက်ပါလာကြ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့နှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်ဇနီး ဒေါ်ခင်လေးမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီး ဒေါ်စံယုံ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဌာနဆိုင်ရာ အကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေါင်းဆောင် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး H.E. Pehin Dato Haji Hussin bin Haji Sulaiman နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)**

## ဧရာဝတီနှင့်ချင်းတွင်း စိုးရိမ်ရေမှတ်များ

ရန်ကုန် ဇူလိုင် ၁၈

**ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တွင် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း ၈၀စင်တီမီတာ(နှစ်ပေခွဲခန့်)၊ ၁၀၀ စင်တီမီတာ(သုံးပေခန့်)နှင့် ၃၀စင်တီမီတာ (တစ်ပေခန့်)မြင့်တက်လာပြီး စိုးရိမ်ရေမှတ်၁၂၀၀စင်တီမီတာ၊ ၁၁၅၀စင်တီမီတာနှင့် ၁၀၄၀စင်တီမီတာသို့ ရောက်ရှိနိုင်သည်။**

**အဆိုပါရေသည် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၏ စိုးရိမ်ရေမှတ်၁၂၀၀စင်တီမီတာနှင့် ၁၁၅၀စင်တီမီတာ တို့၏အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်းသိရသည်။**

**အလားတူချင်းတွင်းမြစ်ရေသည် ယနေ့မွန်းတည့်မှနောက်၄၈နာရီအတွင်း မုံရွာမြို့၏စိုးရိမ်ရေမှတ် ၁၀၀၀စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၇-၇-၂၀၀၄

| | |
|---|---|
| **ဘားအံမြို့** | **၂ ဒသမ ၆၀ လက်မ** |
| **ကျောက်တော်မြို့** | **၁ ဒသမ ၈၉ လက်မ** |

## မြန်မာ့ရုပ်မြင်သံကြား

**၁၉-၇-၂၀၀၄ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓမ္မ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၅ | ၅။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ |
| ၈:၁၀ | ၆။ | ချစ်စရာ့အရွယ် ကကြိုးသွယ် |
| ၈:၂၀ | ၇။ | ဇော်ဂျီရေထိန်းဆည် |
| ၈:၃၀ | ၈။ | International News |
| ၈:၄၅ | ၉။ | Let's Go |
| ၉:၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | Practice in Reading |
| ၁၆:၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇:၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ) |
| ၁၇:၁၅ | ၆။ | အကပဒေသာ |
| ၁၇:၃၀ | ၇။ | မြန်မာစာ မြန်မာစကား |
| ၁၇:၄၅ | ၈။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အဆိုအကများ |
| ၁၇:၅၀ | ၉။ | တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း) |
| ၁၈:၀၅ | ၁၀။ | Discovery |
| ၁၈:၁၅ | ၁၁။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၇) |
| ၁၈:၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၄။ | စက်မှုစွမ်းအား ခေတ်ကျော်လွှား |
| ၁၉:၁၅ | ၁၅။ | တေးဂီတအစီအစဉ် |
| ၁၉:၃၀ | ၁၆။ | ကျေးလက်ဒေသတစ်ခွင် အလှဆင် |
| ၂၀:၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"တစ်ရံရောအခါ"** (အပိုင်း-၅) |
| | ၂၁။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၂။ | အစီအစဉ်ပြီး၏။ |

## ပရိတ်ချည်မျှင်ရေဆူဆရာတော်၏ ဝိဇာတမွေးနေ့မင်္ဂလာ

**ရန်ကုန် ဇူလိုင် ၁၈**

အဓိဋ္ဌာန်စေတီတစ်ထောင်ကျော် ပရိတ်ချည်မျှင်ရေဆူဆရာတော် ဘဒ္ဒန္တ အာဒိစ္စ၏ ဝိဇာတမွေးနေ့အလှူကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း၉ရက် ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မြစပါယ်လမ်းရှိ ဆရာတော်ဝါဆိုသီတင်းသုံးရာ ရန်ပြေအေးရွှေကျောင်း ဓမ္မရိပ်သာကျောင်းတိုက် လေးထပ်ဝိပဿနာဂူရ ဗိမ္မာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။အဆိုပါနေ့နံနက်တွင်ပင့်သံဃာ ၄၃ပါးတို့အား အရုဏ်ဆွမ်းနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး နံနက် ၈နာရီမှစ၍ ဆရာတော်၏ ဝိဇာတမွေးနေ့အလှူမင်္ဂလာ စတင်ကျင်းပမည်ဖြစ်သည်။ မွန်းလွဲ ၁နာရီတွင် ပရိတ်ချည်မျှင်ရေဆူဆရာတော် ကိုယ်တိုင် နိဗ္ဗာန်ရောက်ကြောင်းဟောပြော၍ ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်သည်။ တပည့်ဒါယကာ ဒါယိကာမများနှင့် ခုနစ်ရက်သားသမီးများ မည်သူမဆို ကြွရောက် ကြည်ညိုနိုင်ကြောင်းနှင့် လှူဒါန်းလိုပါက ဒေါ်လှလှဝင်း ဖုန်း-၃၇၁၂၇၈နှင့် ဆရာတော် ဖုန်း ၀၉-၅၀၀- ၁၈၈၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင် ကြောင်းသိရသည်။ (က-ပ)

## ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်

**မှတ်သားဖွယ် မိုးရေချိန်**

၁၈-၇-၂၀၀၄

| | |
|---|---|
| **ရန်ကုန်မြို့လယ်** | **၀ ဒသမ ၆၇ လက်မ** |
| **ကမ္ဘာအေး** | **၀ ဒသမ ၁၂ လက်မ** |
| **မင်္ဂလာဒုံ** | **၀ ဒသမ ၀၈ လက်မ** |

## မြန်မာနိုင်ငံဒေသအနှံ့ နေရာကွက်၍မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဇူလိုင် ၁၈

**ယနေ့နံနက် ၉နာရီခွဲအထိ တိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတို့၌ နေရာကွက်ကျားနှင့် ကျန်ဒေသများ၌ နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။**

**ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေကြောင်း သိရသည်။**

**ဇူလိုင် ၁၉ ရက် ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ဧရာဝတီတိုင်း၊ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင်နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)**

## လာရောက်တွေ့ဆုံ

**ဇူလိုင် ၁၅ ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ နယ်သာလန်နိုင်ငံ ကလေးသူငယ်တရားစီရင်ရေး တရားသူကြီးနှင့်ဥပဒေပါမောက္ခ** Mr. Jaap Doek (Chairman, UNCRC and Juvenile Judge, Netherlands) **မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား လာရောက်တွေ့ဆုံစဉ်။**

**(လူမှုဝန်ထမ်း)**

## မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

# အီရတ်ဆိုင်ရာ ထောက်လှမ်းရေးသတင်းများယွင်းမှု ဘုရှ် တာဝန်မယူခဲ့ ဒီမိုကရက်တစ် ဒုတိယသမ္မတလောင်း ဂျွန်အက်ဒ်ဝပ် ဝေဖန်တိုက်ခိုက်

အက်စ်မွိုင်နက်စ် ဇူလိုင် ၁၇

**ဒီမိုကရက်တစ် ဒုတိယသမ္မတလောင်းဖြစ်လာခဲ့သော ဂျွန်အက်ဒ်ဝပ်သည် အီရတ်ဆိုင်ရာ ထောက်လှမ်းရေးသတင်းများယွင်းသည့်ကိစ္စနှင့်စပ်လျဉ်း၍ သမ္မတဘုရှ်က တာဝန်ယူခြင်းမရှိသည့်အတွက် သမ္မတဂျော့ဒဗလျူဘုရှ်အား ဗုဒ္ဓဟူးနေ့က ဝေဖန်တိုက်ခိုက်လိုက်သည်။**

ယခုကဲ့သို့ ဂျွန်အက်ဒ်ဝပ်က သမ္မတဘုရှ်အား ဝေဖန်တိုက်ခိုက်ခြင်းသည် ဒီမိုကရက်တစ် အိမ်ဖြူနှင့်ပတ်သက်၍ နံပါတ်(၂)ဖြစ်လာခဲ့ချိန်မှစပြီး ပထမဆုံးအကြိမ် တစ်ကိုယ်တော် မဲဆွယ်စည်းရုံးရာတွင် ထိုသို့ပြောကြားလိုက်ခြင်း ဖြစ်သည်။

**ပြောကြား**

ဂျွန်အက်ဒ်ဝပ်က ဘုရှ်သည် နိုင်ငံကိုဦးဆောင်ရန်မှာ မည်သည့် အဓိပ္ပာယ်ဖြစ်သည် ဆိုသည်ကို နားလည်သဘောမပေါက်ခဲ့ကြောင်း ပြောဆိုသည်။ ၎င်းသည် အိုအိုဝါ ပြည်နယ်၏ အောက်လွှတ်တော်အဆောက်အအုံ၌ ပြုလုပ်သည့် လူထုအစည်းအဝေး၌ မဲဆွယ်စည်းရုံးရေးတရားဟောစဉ် ထိုသို့ ပြောကြားခြင်းဖြစ်သည်။

အိမ်ဖြူ၌ မိမိတို့လိုအပ်သည်မှာ ခွန်အားရှိသော၊ သတ္တိရှိသော၊ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ တာဝန်ယူရန် ဦးဆောင်နိုင်မှုရှိသောသူဖြစ်ကြောင်း၊ ထိုသူမှာ ဂျွန်ကယ်ရီဖြစ်မည်ဖြစ်ကြောင်း မြောက်ကာရိုလိုင်းနား အထက်လွှတ်တော်အမတ်က ပြောကြားသည်။

**တာဝန်ယူ**

အက်ဒ်ဝပ်သည် အီရတ်နိုင်ငံအား ဆင်နွှဲသောစစ်ပွဲတွင် နိုင်ငံ၏ ထောက်လှမ်းရေး သတင်းများယွင်းမှုများကို ပြစ်တင်ရှုတ်ချခဲ့သော ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ခဲ့သည့် ဗြိတိသျှ အစီရင်ခံစာအား ရည်ညွှန်းပြီး ဘလဲသည် မှားယွင်းမှုအတွက် အပြည့်အဝ တာဝန်ယူခဲ့ကြောင်း ပြောကြားခဲ့သည်။

ဘလဲသည် အစီရင်ခံစာကို ရင်ဆိုင်ခဲ့ကြောင်း၊ ယင်းမှာ ဘလဲသည် ဦးဆောင်မှုဆိုသော အဓိပ္ပာယ်ကို နားလည်သဘောပေါက်၍ဖြစ်ကြောင်း အက်ဒ်ဝပ်က ပြောကြားသည်။

**အမ်အင်အေ၊ ရိုက်တာ**

## ဗြိတိသျှထောက်လှမ်းရေးသတင်းများ လိမ်ညာရန်အတွက် ပုံကြီးချဲ့ထားဟု ဟန်းစ်ဘလစ်ဇ် ပြောကြား

လန်ဒန် ဇူလိုင် ၁၆

**အီရတ်လက်နက်များဆိုင်ရာ ဗြိတိသျှအစိုးရ၏ မှတ်တမ်းမှတ်ရာများကို ကုလသမဂ္ဂလက်နက်စစ်ဆေးရေး အကြီးအကဲဟောင်း ဟန်းစ်ဘလစ်ဇ်က ဗုဒ္ဓဟူးနေ့တွင် ဝေဖန်တိုက်ခိုက်လိုက်ပြီး ယင်းမှတ်တမ်းများသည် လိမ်ညာ လှည့်စားရန်အတွက် ပုံကြီးချဲ့ထားသော မှတ်တမ်းများ ဖြစ်သည်ဟု ပြောဆိုလိုက်သည်။**

အစီရင်ခံစာအား ဗြိတိသျှအစိုးရသည် လိမ်ညာ လှည့်စားရန်အတွက် ပုံကြီးချဲ့ထားသည်ဟု မိမိထင်ကြောင်း၊ လက်ခံနိုင်စရာမရှိကြောင်း ဘလစ်ဇ်က ပြောကြားသည်။

**ပေါ်ထွက်**

ဗြိတိသျှအစိုးရ၏ စစ်ပွဲမတိုင်မီကာလ ထောက်လှမ်း ရေးသတင်းများအား စုံစမ်းစစ်ဆေးသည့် အစီရင်ခံစာကို လူသိရှင်ကြားထုတ်ပြန်လိုက်ချိန်တွင် ဘလစ်ဇ်၏ ဝေဖန် ချက် ပေါ်ထွက်လာခြင်း ဖြစ်သည်။

**အမှားများ**

စုံစမ်းရေးအဖွဲ့ခေါင်းဆောင် လော့ဒ်ဘတ္တလာ၏ အစီရင်ခံစာအရ အီရတ်စစ်ပွဲမတိုင်မီ ဗြိတိသျှအစိုးရက အသုံးပြုခဲ့သော ထောက်လှမ်းရေးသတင်းများ ယုံကြည် အားကိုးလောက်စရာ မရှိကြောင်းနှင့် အကြီးအကျယ် ချွတ်ယွင်းချက် အမှားများရှိကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ကယ်ကွတ်ရေနံပိုက်လိုင်း မီးလောင်ပေါက်ကွဲ

ဘဂ္ဂဒက် ဇူလိုင် ၁၇

**အီရတ်နိုင်ငံ၏ အဓိကရေနံမြေဖြစ်သော ကယ်ကွတ်မြို့အနီး အီရတ်နိုင်ငံမြောက်ပိုင်းရှိ ရေနံ ပိုက်လိုင်းတစ်လိုင်း ကြာသပတေးနေ့၌ မီးလောင်ပေါက်ကွဲခဲ့ကြောင်း မျက်မြင်သက်သေများက ပြောသည်။**

အီရတ်ကယ်ဆယ်ရေးသမားများသည် ဘေဂျီရှိ အီရတ်၏ အကြီးဆုံး ရေနံချက်စက်ရုံနှင့် ကယ်ကွတ်အကြားရှိ အယ်ပတ်ဟာအနီးမှ ယင်း နေရာသို့ သွားခဲ့ကြသည်။

အဆိုပါ ဒေသကိုဖြတ်လျက် နိုင်ငံ၏မြောက်ပိုင်းတွင် ရေနံတင်ပို့လျက်ရှိသော ပိုက်လိုင်းများ အနက် ယင်းပိုက်လိုင်းမှာ မည်သို့မည်ပုံ မီးလောင်သည်ကို ချက်ချင်းမသိရှိရသေးဟု ဆိုသည်။

**ရှိနေ**

မီးခိုးများမှာ ကောင်းကင်အပြည့် ရှိနေပြီး ယင်းနေရာ၌ ကြီးမားသည့် ရေနံကန်တစ်ခု လည်းရှိနေကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။

**တိုက်ခိုက်**

အီရတ်ရေနံချက်စက်ရုံများနှင့်ဓာတ်အားပေး ဌာနများသို့ ထောက်ပံ့လျက်ရှိသော သို့မဟုတ် ရေနံတင်ပို့သည့် ကွန်ရက်တစ်ခုဖြစ်သော အီရတ် နိုင်ငံမြောက်ပိုင်းရှိ ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်း များအား မကြာခဏ ဖောက်ခွဲတိုက်ခိုက်ခဲ့ကြ သည်။

**မီးရှို့**

ထို့ပြင် ဖောက်ခွဲဖျက်ဆီးသူများသည် အီရတ် နိုင်ငံ အလယ်ပိုင်းရှိ ဓာတ်အား ပေးစက်ရုံများကို ပံ့ပိုးလျက်ရှိသော ရေနံပိုက်လိုင်းတစ်လိုင်းနှင့် ဘဂ္ဂဒက်အနီးရှိ သဘာဝဓာတ်ငွေ့စက် ရုံတစ်ခုကို လည်း မီးရှို့ခဲ့ကြသည်။

**အမ်အင်အေ၊ရိုက်တာ**

**အီရတ်သို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ စေလွှတ်ရေးကို ရပ်ဆိုင်းရန် တောင်းဆိုဆန္ဒပြနေသူတစ်ဦးအား တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## မိုဆူးလ်မြို့ အုပ်ချုပ်ရေးမှူး ယာဉ်တန်းဖြင့်သွားစဉ် ခုခံတိုက်ခိုက်ရေးသမားများ၏ လက်ချက်ကြောင့်သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၆

**မိုဆူးလ်မြို့ အုပ်ချုပ်ရေးမှူးနှင့် သူ၏သက်တော်စောင့်များသည် ဘဂ္ဂဒက်သို့ မော်တော်ယာဉ်တန်းဖြင့် ဗုဒ္ဓဟူးနေ့က သွားစဉ် လက်နက်ကိုင်ခုခံတိုက်ခိုက်ရေးသမားများ၏ လက်ချက်ကြောင့် သေဆုံးသွားသည်ဟု ပြည်ထဲရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောကြား သည်။**

မိုဆူးလ်မြို့ အုပ်ချုပ်ရေးမှူး အိုဆာမာကက်ရှ်မူလာ လိုက်ပါလာသော မော်တော်ယာဉ်တန်းအား သေနတ်သမားများက လက်ပစ်ဗုံးဖြင့်ပစ်ခတ်ပြီး မောင်းပြန်လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်ဟု ထိုအရာရှိက ပြောကြားသည်။

၎င်းသည် လုံခြုံရေးအစောင့်ကား လေးစီးလိုက်ပါ လျက် ဘဂ္ဂဒက်သို့သွားစဉ် လက်နက်ကိုင် တိုက်ခိုက်ရေး သမားများ၏ ကားက သူ၏ကားဘေးတွင်ရပ်ပြီး လက်ပစ် ဗုံးဖြင့်ပစ်ကာ လက်နက်များဖြင့် သူ၏ကားကို ပစ်ခတ်ခဲ့ ခြင်းဖြစ်သည်ဟု ထိုအရာရှိက ပြောသည်။

ယခုသတ်ဖြတ်မှုသည် စက်မှုလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဆာဘာကာကိုရင်မ် အသတ်ခံရပြီးနောက် ဖြစ်ပွားခြင်းဖြစ်သည်။ ဆာဘာကာရင်မ်သည် အင်္ဂါနေ့၌ သူ၏အိမ်မှအထွက်တွင် အသံတိတ်လက်နက်ဖြင့် ပစ်သတ် ခံရခြင်း ဖြစ်သည်။

အီရတ်အရာရှိများသည် အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့များအပြင် အီရတ်လုံခြုံရေးတပ်များအား တိုက်ခိုက် နေသော ခုခံတိုက်ခိုက်ရေးပြောက်ကျားများ၏ ပစ်မှတ် မကြာခဏ ဖြစ်ခဲ့ရသည်။

**အမ်အင်အေ၊ရိုက်တာ**

**လုံခြုံရေးဆောင်ရွက်**

**ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့် နေရာအနီးတွင် စစ်ယာဉ် တစ်စီးနှင့် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကုန်စည်ပြပွဲ ကွမ်ကျိုးမြို့၌ ကျင်းပမည်

ပေကျင်း ဇူလိုင် ၁၆

**တရုတ်ပြည်တောင်ပိုင်း ကွမ်တုန်ပြည်နယ်၏ မြို့တော်ကွမ်ကျိုးမြို့တွင် အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ၏ ကုန်စည်ပြပွဲကို အောက်တိုဘာလ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပရန်စီစဉ်ထားသည်။**

ယခုနှစ်တွင် စတင်ကျင်းပသော အဆိုပါကုန်စည်ပြပွဲကို တရုတ်ပြည် အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ တိုးတက်မြင့်မားလာရေးအတွက် မျှော်လင့်ကြောင်း နောက်ဆုံးထုတ် ချိုင်းနားအီကော်နောမစ်ဟားရယ်လ် သတင်းစာက ဖော်ပြသည်။

စတုရန်းမီတာ ၄၀၀၀၀ ရှိ ပြပွဲခန်းမတွင် စုစုပေါင်းပြခန်း ၂၂၀၀ ရှိမည်ဖြစ်ပြီး တရုတ်နှင့် ပြည်ပနိုင်ငံတွင်းရှိ ဝယ်ယူရေးကုမ္ပဏီများ၊ စတိုးဆိုင်ကြီးများ၊ လက်လီရောင်းချသည့်ဆိုင်များကို အဆိုပါပြပွဲသို့ ဖိတ်ကြားမည်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

■ **ရှေ့ဖုံးမှ**

ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမ၌ ခေတ္တရပ်နားကြပြီး ယူနန်ပြည်နယ် ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာရှွီရုံခိုင်နှင့် တာဝန်ရှိသူတို့အား ရင်းရင်းနှီးနှီး တွေ့ဆုံကာ နှုတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ ဆက်လက်ထွက်ခွာလာကြရာ ပေကျင်းမြို့ မြို့တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြသည်။

## တာဝန်ရှိသူများက ကြိုဆို

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပေကျင်းမြို့ မြို့တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝမ်ရီနှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

## ကြိုဆို

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာရှွီရုံခိုင်နှင့် တာဝန်ရှိသူများက ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝမ်ရီ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် ဇနီးတို့ခေါင်းဆောင်သော ကြိုဆိုရေးအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများကကြိုဆိုကြသည်။

### ဧည့်ဂေဟာရောက်ရှိ

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ ခေတ္တတည်းခိုမည့် ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိရပ်နားကြသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပေကျင်းမြို့ မြို့တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြစဉ်။**

**(သတင်းစဉ်)**

## ကျိုက်အင်း မဟာစည်သာသနာ့ရိပ်သာ အထူးတရားစခန်းပွဲ (၁၈) ကြိမ်မြောက်ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၈**

သန်လျင်မြို့ ကျိုက်အင်း မဟာစည် သာသနာ့ရိပ်သာ ဓမ္မရက္ခိတ ကျောင်းတိုက်တွင် ဗုဒ္ဓ၏ သတိပဋ္ဌာန် ကျင့်စဉ် ဗုဒ္ဓနည်းကျ ပါဠိတော် ဟောစဉ်အတိုင်း (နိဗ္ဗာန်ရောက်ရေး အလေးပေးကာ) ကျင့်စဉ်နှင့် ဟောစဉ် တရားတော်များကို ပဓာနနာယက ကမ္ဘာ့ဌာနာစရိယ ဘဒ္ဒန္တခေမာစာရ (ရေတာရှည်) ဆရာတော် အရှင်သူမြတ်က ၁၁မီးငြိမ်းရန် ၁၁ ရက်တရားစခန်းပွဲ (၁၈)ကြိမ်မြောက် ဟောကြားပြသမည်ဖြစ်သည်။

တရားအားထုတ်ကြမည့် ယောဂီများ ဒုတိယဝါဆိုလဆန်း ၁၄ ရက် (ဇူလိုင်၃၀ရက်)ညနေ ၄နာရီ အရောက် လာကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

## မိုးတစ်ကြိမ်နှစ်ကြိမ်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။**

## မဟာစည်ရွှေရတုပူဇော်ပွဲ တရားဟောကြားမည်

**ရန်ကုန် ဇူလိုင် ၁၈**

ညောင်ဦးမြို့ မဟာစည်သာသနာ့ရိပ်သာ၏ သတိပဋ္ဌာန် ဝိပဿနာတရား စတင်ညွှန်ကြားပြသသည့် နှစ်(၅၀)ပြည့်အထိမ်းအမှတ်ပူဇော်ပွဲ ကို ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၂ရက် (ဩဂုတ်၁၇ရက်)တွင် ကျင်းပမည်ဖြစ်ရာ အကြိုမင်္ဂလာအဖြစ်ဒုတိယဝါဆိုလကွယ်နေ့(နေ့၊ည) ဘဒ္ဒန္တ နရပတိ (ဖြူးဆရာတော်)၊ ဝါခေါင်လဆန်း ၁ရက်(ည)ဘဒ္ဒန္တ ကုသလာနန္ဒ (မုဒုံဆရာတော်)၊ဝါခေါင်လဆန်း ၂ ရက်(ည) တိပိဋကရေတိပိဋက ကောဝိဒ ဘဒ္ဒန္တ သုန္ဒရဆရာတော်များက တရားတော်များ ဟောကြားမည်။ **(က-ပ)**

■ *ကျောဖုံးမှ*

**အမြောက်ပစ်ဖောက်ဂုဏ်ပြု**

ထိုအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား အမြောက် ၁၉ ချက်ပစ်ဖောက်၍ ဂုဏ်ပြုသည်။

ထို့နောက် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စု မြန်မာနိုင်ငံတော် အမျိုးသားသီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

**စင်မြင့်၌နေရာယူ**

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြပြီး အလေးပြုခံစင်မြင့်၌ ပြန်လည်နေရာယူကြသည်။

ဆက်လက်၍ နှစ်နိုင်ငံဝန်ကြီးချုပ်များသည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သီးသန့်တွေ့ဆုံ**

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် ပြည်သူ့ခန်းမဆောင်ကြီး၏ ဧည့်ခန်းဆောင်၌ သီးသန့် တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်တို့ တက်ရောက်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီ ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် ညနေ ၆ နာရီတွင် ပြည်သူ့ခန်းမဆောင်ကြီး၏အရှေ့ဘက်ခန်းမကြီး၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများနှင့် အပြန်အလှန်လဲလှယ်မှုစာလွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား စီးပွားရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်၊ အပြန်အလှန်လဲလှယ်မှု စာလွှာများဖြစ်သည့် "အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာတည်ဆောက်ရေးစီမံကိန်းဆိုင်ရာစာချွန်လွှာ"၊ "မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်လုပ်ငန်းစီမံကိန်းများ၏ ပင်မစီမံချက်ရေးဆွဲရေးဆိုင်ရာစာလွှာ"၊ "သန်လျင်–ကျောက်တန်းစက်မှုဇုန်အတွက် ပင်မလုပ်ငန်းစီမံချက်ဆိုင်ရာစာလွှာ" နှင့် "တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတိုးမဲ့ချေးငွေ ရင်မင်ဘီယွန်သန်း ၅၀ ဖြင့် ရထားသံလမ်းများ ရယူရေးဆိုင်ရာစာလွှာ" တို့ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာယုကွမ်းကျိုးတို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)**

# နှစ်နိုင်ငံသဘောတူစာချုပ်များ၊နားလည်မှုစာချွန်လွှာများနှင့် အပြန်အလှန်လဲလှယ်မှုစာလွှာများလက်မှတ်ရေးထိုး

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး မစ္စတာလီကျောက်ရှင်း၊ ***စာမျက်နှာ ၇ ကော်လံ ၁***

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊နားလည်မှုစာချွန်လွှာများနှင့် အပြန်အလှန်လဲလှယ်မှုစာလွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် "အမှတ်(၄) ယူရီးယားဓာတ်မြေဩဇာစက်ရုံ (တိုက်ကြီး) တည်ဆောက်ရေးအတွက် ဘဏ္ဍာငွေဖြည့်ဆည်းရေး သဘောတူစာချုပ်"ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ထုတ်ကုန် သွင်းကုန်ဘဏ်ဥက္ကဋ္ဌ မစ္စတာရန်းဇီလင်တို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)**

ကျောက်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝမ်ရီနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရုတ် ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှမြင့်ဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့်ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှု စာချွန်လွှာများနှင့် အပြန်အလှန်လဲလှယ်မှု စာလွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် "ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းအချက်အလက်လုပ်ငန်း ဝန်ကြီးဌာနတို့အကြား သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ" ကို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သတင်းအချက်အလက်လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဝမ်ရှီးတုန်းတို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်နယ်စပ်မှုခင်းတားဆီးဖော်ထုတ်ရေးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိ နိုင်ငံတကာမျက်နှာစာတွင်ရော ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးရန်ပါ တရုတ်နိုင်ငံက အထူးကူညီလျက်ရှိခြင်းကိုကျေးဇူးတင်

စာမျက်နှာ ၆ မှ

ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာကျမ်းချွမ်ရှမ်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဝမ်ရီ၊ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာန ဒုတိယဝန်ကြီး မစ္စတာယုကွမ်း ကျိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက် ရောက်ကြသည်။

တိုးတက်စေရန်ပါ တရုတ်နိုင်ငံက အထူးကူညီပေးလျက်ရှိခြင်းကိုကျေးဇူး တင်ပါကြောင်း၊ နိုင်ငံတကာရေးရာ ကိစ္စတွင် မြန်မာနှင့် တရုတ်နိုင်ငံ တို့သည် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် တရုတ် တစ်နိုင်ငံတည်း မူဝါဒကို နိုင်ငံတကာ နယ်ပယ်တွင် ကျင့်သုံးရပ်တည်ပေးရန် ကတိပြုကြောင်း၊ နှစ်နိုင်ငံအကြား ရှည်လျားသော နယ်စပ်ရှိသော်လည်း သတ္တုတွင်း၊ ဆက်သွယ်ရေး၊ စိုက်ပျိုး ရေးနှင့် သစ်တောကဏ္ဍများ ပူးပေါင်း ဆောင်ရွက်ရေးကို အားဖြည့်ပေးလို ကြောင်း၊ မြန်မာနိုင်ငံမှ အဆိုပြုသည့် စီးပွားရေး စီမံကိန်းများအတွက် အကူအညီများ ပေးလျက်ရှိကြောင်း၊ တရုတ်နှင့်မြန်မာနှစ်နိုင်ငံအကြားနယ်စပ် ဒေသ ပူးပေါင်းဆောင်ရွက်မှုများ အရေးကြီးပါကြောင်း၊ နှစ်ဖက်ခေါင်း ဆောင်များအကြား အပြန်အလှန်သွား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီး များ၊ ဒုတိယဝန်ကြီးများ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာ နိုင်ငံ သံအမတ်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယ

ရေးဆိုင်ရာစာလွှာ”တို့ကို ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တရုတ်ပြည် သူ့သမ္မတနိုင်ငံကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ယုကွမ်းကျိုးတို့က လက်မှတ်ရေးထိုး ကြပြီး သဘောတူစာချုပ်နှင့် အပြန် အလှန် လဲလှယ်မှုစာချွန်လွှာများကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာ

(တိုက်ကြီး) တည်ဆောက်ရေးအတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းရေး သဘောတူ စာချုပ်”ကို ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ တရုတ်ထုတ်ကုန်သွင်းကုန်ဘဏ် ဥက္ကဋ္ဌမစ္စတာရန်းဇီလင်တို့က လက် မှတ်ရေးထိုးကြပြီး သဘာတူစာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စု

**ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူ စာချုပ်များ၊ နားလည်မှုစာချွန်လွှာများ နှင့် အပြန်အလှန်လဲလှယ်မှုစာလွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် “ချေးငွေပေးဆပ်ရေးပြန်လည်ညှိနှိုင်း မှုသဘောတူစာချုပ်”ကို ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်နှင့် အာမခံ ချေးငွေကော်ပိုရေးရှင်း (Sinosure) ဥက္ကဋ္ဌ မစ္စတာထန်ရှန်ရှင်းတို့က လက်မှတ်ရေးထိုးကြစဉ်။**

**(သတင်းစဉ်)**

## လည်ပတ်ရန်ဖိတ်ကြား

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည် ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား တည်ရှိသည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့မှာ များစွာ ကြီးကြီးမားမား ပြဿနာဟူ၍ မရှိ ကြောင်း၊မူးယစ်ဆေးဝါးတိုက်ဖျက်ရေး နှင့် နယ်စပ်တွင် မှုခင်းများတားဆီး ဖော်ထုတ်ရေးတို့တွင် ပူးပေါင်းဆောင် ရွက်လျက်ရှိကြောင်း၊ စွယ်တော်မြတ် စေတီတွင် ကိန်းဝပ်ရန် ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားနှစ်ဆူကိုလှူဒါန်းခဲ့ပါကြောင်း ပြောကြားပြီး တရုတ်ဝန်ကြီးချုပ်အား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ် ရောက်လည်ပတ်ခြင်းဖြင့် ချစ်ကြည် ရေးကို နက်ရှိုင်းစေခဲ့ခြင်းကို ဆက် လက်ထိန်းသိမ်းစေလိုကြောင်း၊ မြန်မာ နိုင်ငံ၏ စီးပွားရေးတိုးတက် ဖြစ်ထွန်း ရေးအတွက် တတ်နိုင်သမျှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နှစ် နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင် သည့် ကဏ္ဍစုံတိုးမြှင့်ဆောင်ရွက်ရေးကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆောင်ရွက်သွား ဝန်ကြီးများ၊မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက် ရောက်ကြသည်။

## သဘောတူစာချုပ်လဲလှယ်

အစီအစဉ်အရ ရှေးဦးစွာ ပြည် ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ နိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအစိုးရတို့အကြား နား လည်မှုစာချွန်လွှာဖြစ်သည့် “ပြည် ထောင်စု မြန်မာနိုင်ငံတော် ဆက် သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သတင်းအချက်အလက်လုပ်ငန်း ဝန်ကြီးဌာနတို့အကြား သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ် ပြည်သူ့ သမ္မတနိုင်ငံအစိုးရတို့အကြား သဘောတူစာချုပ်ဖြစ်သည့် “ချေးငွေ ပေးဆပ်ရေးပြန်လည်ညှိနှိုင်းမှုသဘောတူ စာချုပ်”ကို ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ပို့ကုန်နှင့် အာမခံချေးငွေကော်ပို ရေးရှင်း (Sinosure)ဥက္ကဋ္ဌ မစ္စတာ

**ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူ စာချုပ်များ၊ နားလည်မှုစာချွန်လွှာ များနှင့် အပြန်အလှန် လဲလှယ်မှု စာလွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင်“မြန်မာနိုင်ငံဆက် သွယ်ရေးကွန်ရက်တည်ဆောက်ရေး စီမံကိန်းအတွက် ထောက်ပံ့ရေး စာချုပ်”ကို ဆက်သွယ်ရေး၊စာတိုက် နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း အထွေထွေ မန်နေဂျာ ဦးသာဦးနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ZTE ကော်ပိုရေးရှင်း ဥက္ကဋ္ဌ မစ္စတာဟိုဝေကွေ့တို့က လက်မှတ်ရေးထိုးကြစဉ်။**

**(သတင်းစဉ်)**

ကျေနပ်အားရဖွယ်ကောင်းကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရေး၊ စီးပွား ရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက် ရေးများ ပိုမိုတိုးတက်စေရန် ဆောင် ရွက်ခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံ စီးပွား ရေးပူးပေါင်းဆောင်ရွက် တိုးမြှင့်ရေး အတွက် စွမ်းအင်၊ သတ္တု၊ ရေအား လျှပ်စစ်၊ လယ်ယာစိုက်ပျိုးရေး၊ ဆက် သွယ်ရေး၊ စက်မှုနှင့် ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ အကျိုးတူ ပူးပေါင်း ဆောင်ရွက်လိုပါကြောင်း၊ မြန်မာနိုင်ငံ လယ်ယာ၊ စက်မှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊သတ္တုနှင့် သစ်တော ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် နယ်ပယ် အများအပြားရှိပါကြောင်း၊ မြန်မာနိုင်ငံကို နိုင်ငံတကာမျက်နှာစာ တွင်ရော ပြည်တွင်း စီးပွားရေးဖွံ့ဖြိုး ရန် ဖိတ်ကြားခဲ့ပါကြောင်းဖြင့် ပြော ကြားသည်။

## ကဏ္ဍစုံတိုးမြှင့်ရေး

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က ပြန်လည်ဆွေးနွေးရာ တွင် မြန်မာနိုင်ငံသို့ လည်ပတ်ရန် ဖိတ်ခေါ်ချက်ကိုကျေးဇူးတင်ပါကြောင်း၊ အခါအခွင့်သင့်လျှင် လည်ပတ်မည်ဖြစ် ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အိမ်နီး ချင်းနိုင်ငံများနှင့် ဆက်ဆံရာတွင် မြန်မာနိုင်ငံကို အလေးထားမည်ဖြစ် ကြောင်း၊ တရုတ်တစ်နိုင်ငံတည်းမူဝါဒ ကိုထောက်ခံရပ်တည်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း၊ နှစ်နိုင်ငံ စီးပွား ရေးပူးပေါင်းဆောင်ရွက်ရာတွင်စွမ်းအင်၊ ကြမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြ သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူ စာချုပ်များ၊ နားလည်မှုစာချွန်လွှာ များနှင့် အပြန်အလှန်လဲလှယ်မှုစာလွှာ များ လက်မှတ်ရေးထိုးပွဲအခမ်းအနား ကို နှစ်နိုင်ငံဝန်ကြီးချုပ်များ၏ တွေ့ဆုံ ဆွေးနွေးပွဲအပြီးတွင် ပြည်သူ့ခန်းမ ဆောင်ကြီး၏ပေဘောခန်းမ၌ ဆက် လက်ကျင်းပသည်။

## အဆင့်မြင့်အရာရှိကြီးများတက်ရောက်

အဆိုပါအခမ်းအနားသို့ ပြည် ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အကြား သဘောတူစာချုပ်ဖြစ်သည့် “ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ တို့အကြား စီးပွားရေးနှင့် ကျွမ်းကျင်မှု အတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင် ရွက်ရေး သဘောတူစာချုပ်”၊ အပြန် အလှန်လဲလှယ်မှုစာချွန်လွှာများဖြစ် သည့်“အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း စင်တာ တည်ဆောက်ရေး စီမံကိန်း ဆိုင်ရာစာလွှာ”၊ “မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်လုပ်ငန်းစီမံကိန်းများ၏ ပင်မစီမံချက်ရေးဆွဲရေးဆိုင်ရာစာလွှာ”၊ “သန်လျင်-ကျောက်တန်း စက်မှုဇုန် အတွက် ပင်မလုပ်ငန်းစီမံချက်ဆိုင်ရာ စာလွှာ”နှင့် “တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၏ အတိုးမဲ့ချေးငွေ ရင်မင်ဘီယွန် သန်း ၅၀ ဖြင့် ရထားသံလမ်းများ ရယူ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက် ရေးဆိုင်ရာ” နားလည်မှုစာချွန်လွှာကို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်နှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သတင်းအချက်အလက် လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးမစ္စတာဝမ်ရှီးတုန်း တို့က လက်မှတ်ရေးထိုးကြပြီး နား လည်မှု စာချွန်လွှာကို အပြန်အလှန် လဲလှယ်ကြသည်။

## လက်မှတ်ရေးထိုး

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ် ပြည်သူ့ သမ္မတနိုင်ငံတို့အကြား သဘောတူစာချုပ်ဖြစ်သည့် “အမှတ် (၄) ယူရီးယား ဓာတ်မြေဩဇာစက်ရုံ ထန်ရှန်ရှင်းတို့က လက်မှတ်ရေးထိုး ကြပြီး သဘောတူစာချုပ်ကို အပြန် အလှန်လဲလှယ်ကြသည်။

## ထောက်ပံ့ရေးစာချုပ်

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ် ပြည်သူ့ သမ္မတနိုင်ငံအစိုးရတို့အကြား ထောက်ပံ့ရေးစာချုပ်ဖြစ်သည့် “မြန်မာ နိုင်ငံ ဆက်သွယ်ရေးကွန်ရက်တည် ဆောက်ရေးစီမံကိန်းအတွက်ထောက်ပံ့ ရေးစာချုပ်”ကို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအထွေထွေ မန်နေဂျာ ဦးသာဦးနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ZTE ကော်ပိုရေးရှင်း

စာမျက်နှာ ၁၂ ကော်လံ ၁

# မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ခို
# မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲခင်
# နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး အပြန်အ

## ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားတွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

## မိတ်ဆက်ပေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးစဉ်။

(သတင်းစဉ်)

## လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွ
ဝင်းရွှေနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ
မစ္စတာ ဝမ်ကြားပေါင်က ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ အနောက်ဘ
တည်ခင်းဧည့်ခံပွဲတွင် ကြိုဆိုနှုတ်ဆက်စဉ်။

## ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ရှူရုံခိုင်နှင့် တာဝန်ရှိသူများက ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်အထူးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံကာ နှုတ်ဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

## ပြန်လည်မိတ်ဆက်ပေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်အား မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးစဉ်။

(သတင်းစဉ်)

# နှီးမှုတိုးတက်ခိုင်မြဲစေမည့်
# အား လှိုက်လှဲခင်မင်စွာကြိုဆို
# ရှက်ရေး အပြန်အလှန်ဆွေးနွေး

ဂုဏ်ပြုတပ်ဖွဲ့
စစ်ဆေး



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။
(သတင်းစဉ်)

## မြန်မာ–တရုတ်
## ချစ်ကြည်ရေး
## အပြန်အလှန်ဆွေးနွေး



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ ပြည်သူ့ခန်းမဆောင်ကြီး၏ ဧည့်ခန်းဆောင်၌ သီးသန့်တွေ့ဆုံကြစဉ်။
(သတင်းစဉ်)

## ှဲခင်မင်စွာ
## နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ပေကျင်းမြို့ ပြည်သူ့ ခန်းမဆောင်ကြီး၏ အနောက်ဘက်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။
(သတင်းစဉ်)

ဟ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင် ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် င်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ အနောက်ဘက်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် ်ဆက်စဉ်။
(သတင်းစဉ်)

### တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ ပြည်သူ့ ခန်းမဆောင်ကြီး၏ အရှေ့ဘက် ခန်းမကြီး၌ တွေ့ဆုံဆွေးနွေးကြစဉ်။
(သတင်းစဉ်)

# နယ်စပ်ဒေသဖွံ့ဖြိုးရေး လမ်းများတိုးချဲ့ဖောက်လုပ်ပေး

မြင့်ဝိုး (နတလ)

နိုင်ငံတော်ဖြတ်သန်းလာခဲ့ရသည့် သမိုင်းကြောင်းကို ပိုင်းဆစ်ကြည့်လျှင် ခေတ်အဆက်ဆက် တာဝန်ယူခဲ့သောအစိုးရများအနေဖြင့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများချုပ်ငြိမ်းသွားစေရန်၊ တစ်နည်းအားဖြင့် ငြိမ်းချမ်းရေး ရယူရန် နည်းအမျိုးမျိုးဖြင့်ကြိုးပမ်းခဲ့ကြသော်လည်း ထိုက်သင့်သည့် အောင်မြင်မှုမျိုးမရှိခဲ့ကြပေ။ လက်ရှိတပ်မတော်အစိုးရလက်ထက်တွင်မူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသဖြင့် ရပ်ရွာအေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ ဖြစ်ထွန်းအောင် တည်ဆောက်ရင်း ငြိမ်းချမ်းရေးကိုခိုင်မာသည်ထက်ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့၏။ လုပ်ငန်းစဉ်များချမှတ်အကောင်အထည်ဖော်ခဲ့၏။ ထိုသို့ဆောင်ရွက်ရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။

ကိုလိုနီနယ်ချဲ့တို့သည် ၎င်းတို့အတွက်မည်သို့မျှအကျိုးဖြစ်ထွန်းဖွယ် အခြေအနေ မရှိသည့် နယ်စပ်ဒေသများ၏ လူမှုစီးပွားရေးအခြေခံအဆောက်အအုံလိုအပ်ချက်များကို လျစ်လျူရှုကာချန်ထားရစ်ခဲ့၏။ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတော်အစိုးရအဆက်ဆက်မှာလည်း အကြောင်းအမျိုးမျိုးကြောင့် နယ်စပ် ဒေသနှင့် တိုင်းရင်းသားများအရေးကို ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ သို့ဖြစ်ပေရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သည့်အချိန်ကာလ အတိုင်းအတာပမာဏသည် လွန်စွာကြီးမားလာခဲ့သည်။ တပ်မတော်အစိုးရသည် မြန်မာနိုင်ငံသမိုင်းတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့်အခွင့်အလမ်းကို ပထမဆုံးရရှိခဲ့သည့် နိုင်ငံတော်အစိုးရဖြစ်သည်။ ထိုအခွင့်အလမ်းကိုထိရောက်စွာ အသုံးချအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တစိုက်မတ်မတ် မျက်ခြည်မပြတ်တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့ပြီး အခြားဝန်ကြီးဌာနများကပါ ပေါင်းစပ်ဆောင်ရွက်စေရေး ဗဟိုကော်မတီက လမ်းညွှန်မှုများ ချမှတ်ပေးခဲ့၏။

တိကျခိုင်မာသော မျှော်မှန်းချက်များထားရှိ၍နယ်စပ်ဒေသများ၏ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကုန်ထုတ်လုပ်ရေး၊ စက်မှုနှင့်လျှပ်စစ်စသည့် အခြေခံအဆောက်အအုံများနှင့်ယှဉ်တွဲပြီး လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ရည်ရွယ်ချက်ငါးရပ်နှင့်အညီ ဆောင်ရွက်ခဲ့သည်။

ဤသို့အားဖြင့် နယ်စပ်ဒေသအသီးသီးတွင် လမ်း/တံတားလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ စွမ်းအင်လုပ်ငန်းများ၊ သစ်တောလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့် သမဝါယမလုပ်ငန်းများ၊ သာသနာရေးနှင့် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများကိုအရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

ထိုလုပ်ငန်းများအနက် လမ်း/တံတားလုပ်ငန်းများနှင့် ပတ်သက်၍ အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ကြရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၉၉၅ ခုနှစ် ဧပြီလ ၂၁ ရက် ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း)အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် အောက်ပါအတိုင်း လမ်းညွှန်မိန့်ကြားခဲ့သည်—

> **"နယ်စပ်ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများကို မိုးတွင်းကာလ၌ ဆောင်ရွက်နိုင်သည့် အတိုင်းအတာအရ ဆောင်ရွက်ပြီး မိုးကုန်သည်နှင့် အစီအမံများအတိုင်း ဖိဖိစီးစီးလုပ်ကိုင်ကြဖို့လိုကြောင်း၊ အဓိကကျသည့် နေရာများမှာ ရာသီမရွေးသွားလာနိုင်သည့် လမ်းများဖြစ်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရှိဖြင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်နိုင်ရေးအတွက်ဖြစ်စေ အဓိကအကျဆုံးမှာ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးပင်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု အားနည်းပါက တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု၊ နားလည်မှုကို တည်ဆောက်ရာတွင် အားပြည့်အင်ပြည့် ဖြစ်လာမှာမဟုတ်သလို ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင်လည်း ထိရောက်မှုရှိမည်မဟုတ်သဖြင့် လိုအပ်သည့်ဒေသများတွင် ရာသီမရွေးသွားလာနိုင်သည့် လမ်းများဖြစ်လာအောင် ဆောင်ရွက်ပေးသွားရန်"**

ဟူ၍ဖြစ်ပါသည်။

## နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်း၏ အစောဆုံးလမ်း/တံတားများ

နိုင်ငံတော်အစိုးရသည် ၁၉၈၉ ခုနှစ် ဇွန်လ စတုတ္ထပတ်မှစတင်၍ ကိုးကန့်ဒေသ၊ 'ဝ'ဒေသနှင့် ကျိုင်းတုံဒေသများတွင် လမ်း/တံတားလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ၌ လမ်းအူကြောင်းရှာဖွေ၍ လမ်းသစ်များဖောက်လုပ်ခြင်း၊ ရှိပြီးလမ်းများကို လမ်းအဆင့်မြှင့်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ တံတားများတည်ဆောက်ပေးခြင်း စသည်တို့ပါဝင်သည်။

**ယခုအခါ နယ်စပ်ဒေသများတွင် မြေလမ်း ၂၉၄၁ မိုင်၊ ကျောက်ခင်းလမ်း ၁၇၄၄ မိုင်၊ ကတ္တရာလမ်း ၃၂၅ မိုင် ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်၍ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူ ငါးသန်းကျော် လွယ်ကူစွာ ကူးလူးဆက်သွယ် သွားလာနိုင်ကြပြီ ဖြစ်သည်။**

ယင်းသို့ ဆောင်ရွက်ရာ၌ ၁၉၈၉ခုနှစ်အတွင်း အစောဆုံး အကောင်အထည်ဖော်ခဲ့သောလမ်းများမှာ ကိုးကန့်ဒေသအတွင်း၌ ချင်းရွှေဟော်–လောက်ကိုင် လမ်း ၂၁/၂မိုင်၊ လောက်ကိုင်–ကုန်းကြမ်းလမ်း ၄၂/၀ မိုင်၊ လောက်ကိုင်–ရန်လုံကြိုင်လမ်း ၇/၆မိုင်နှင့် ဟိုပန်–ချင်းရွှေဟော်လမ်း ၁၄/၇ မိုင်၊ 'ဝ' ဒေသအတွင်း၌ ဟိုပန်–မိုင်းမောလမ်း ၆၁/၀မိုင်၊ ဟိုပန်–နမ့်တစ်လမ်း ၉/၂မိုင်၊ ကျိုင်းတုံအရှေ့ဒေသအတွင်း၌ မိုင်းယန်း–ဆီလူးလမ်း ၈/၆ မိုင်၊ မိုင်းငေါင်း–မိုင်းဝလမ်း ၄၂/၀မိုင်၊ မိုင်းယောင်း– မိုင်းယုလမ်း ၁၈/၀မိုင်၊ မိုင်းခတ်(ကြက်ဥတောင်)–မိုင်းပေါက်လမ်း ၂၆/၀ မိုင်၊ ဝမ်တာပင်း–ပန်ဟိုမုန်း လမ်း ၁၈/၆ မိုင်၊ ပန်ဟိုမုန်း– မိုင်းယန်းလမ်း ၁၆/၀ မိုင်၊ မိုင်းယု–ဝမ်ဖြတ် လမ်း ၇/၀ မိုင်၊ ဝမ်ဖြတ်–မိုင်းဟဲလမ်း ၂၆/၀ မိုင်၊ ဝမ်ဖြတ်–နယ်စပ် ကျောက်တိုင် အမှတ် ၂၄၀ လမ်း ၁၀/၀မိုင်တို့ဖြစ်ကြောင်း မှတ်တမ်းပြုရပေမည်။

အလားတူ တံတားကြီးများ၊ တံတားငယ်များ၊ကြိုးတံတားများ တည်ဆောက်ခဲ့ရာတွင် ၁၉၈၉ ခုနှစ်အတွင်း ပထမဦးဆုံး တည်ဆောက်ပေးခဲ့သော တံတားမှာ ကွမ်းလုံ–ဟိုပန်ကားလမ်းပေါ်ရှိ နမ့်တိန်ချောင်းကူးတံတား ဖြစ်သည်။ တံတားပေအရှည် ၁၄၃၃ ပေဖြစ်ပြီး သုံးလွှာတစ်ထပ် ဘေလီသံပေါင် အမျိုးအစား ဖြစ်၏။ ၁၉၈၉ခုနှစ် အောက်တိုဘာ၁၅ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ် မတ် ၁၈ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။ ယခင်က ဆောက်လုပ်ထားခဲ့သော နမ့်တိန်ချောင်းကူးသစ်သား တံတားမှာ ရာသီဥတုဒဏ်ကြောင့် ရေထဲမျောပါပျက်စီးသွားခဲ့သည်။ ယခုအခါတွင်မူ ကိုးကန့်ဒေသနှင့် 'ဝ'ဒေသများသို့ ကူးလူးသွားလာရေး၊ ကုန်စည်စီးဆင်းရေးပိုမိုချောမွေ့ကောင်းမွန်စေရန် ဒေသ၏ လိုအပ်ချက်အရ နိုင်ငံတော်မှ တည်ဆောက်ပေးထားသော နမ့်တိန်တံတားသစ်နှင့် ကိုးကန့်၊ 'ဝ' တိုင်းရင်းသားများ၏ ထည့်ဝင်ငွေနှင့် နိုင်ငံတော်မှ ထည့်ဝင်ငွေတို့ ပေါင်းစည်း၍ ညီနောင်တံတားသစ်ကို ထပ်မံတည်ဆောက်ပြီး ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ခဲ့သည်။ တစ်ဆက်တည်းပင် ကတ္တရာခင်း၍ လမ်းအဆင့်မြှင့်ပြီးဖြစ်သော သိန္နီ–ကွမ်းလုံ–ချင်းရွှေဟော်–လောက်ကိုင် လမ်းမကြီးကိုပါ ဖွင့်လှစ်ပေးခဲ့သည်။

## ဒေသအလိုက် ဆောင်ရွက်ပေးခဲ့သော လမ်း/တံတားလုပ်ငန်းများ

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးအတွက် ၁၉၈၉ ခုနှစ် ဇွန်လမှ ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက်အထိ ၁၅ နှစ်တာကာလအတွင်း ကျပ်ငွေ သန်းပေါင်း ၅၇၀၀၀ ကျော် သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လမ်းတံတားကဏ္ဍ၌ ၅၄ ရာခိုင်နှုန်း သုံးစွဲခဲ့သည်။ ဆောင်ရွက်ခဲ့သော လမ်း/တံတားလုပ်ငန်းများမှာ မြေလမ်း ၂၉၄၁ /၂ မိုင်၊ ကျောက်ခင်းလမ်း ၁၇၄၄ /၅မိုင်၊ ကတ္တရာလမ်း ၃၂၅/၆ မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၃၁၆၂/၆မိုင်၊ တံတားကြီး ၄၇ စင်း၊ တံတားငယ် ၆၆၂ စင်း၊ ကြိုးတံတား ၁၆စင်းတို့ဖြစ်သည်။

တံတားများတည်ဆောက်ပေးခြင်း၊ လမ်းသစ်များ ဖောက်လုပ်ခြင်း၊ လမ်းအဆင့်မြှင့်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ၌ ဒေသအလိုက်ပါဝင်သည့်လမ်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

### ကချင်အထူးဒေသ(၁)

မံမိန်း–ချီဖွေလမ်း၊ ချီဖွေ–ဆော့လော်လမ်း။

### ကချင်အထူးဒေသ(၂)

နောင်မွန်း–ပန်နန်းဒင်လမ်း၊ မြစ်ကြီးနား–ပူတာအို–ဆွမ်ပရာဘွမ်လမ်း၊ မချမ်းဘော– ဖရူခ–နောင်မွန်းလမ်း၊ဟိုပင်–ကုန်းသာ–လုံးတုံ–ညောင်ပင်လမ်း၊ မိုးကောင်း–ကာမိုင်း–လုံးခင်း–ဖားကန့်လမ်း၊ မြစ်ကြီးနား– တနိုင်း–နန်းယွန်း–ပန်ဆောင်လမ်း၊ ခေါင်လန်ဖူး–မချမ်းဘောလမ်း၊ တနိုင်း–မိုင်းခွန်–နန့်ဖြူးလမ်း၊ တနိုင်း–ဆင်ဆ–ကောင်းဂျာလမ်း၊ ဗန်းမော်–စင်းခန်း–ရွှေကူလမ်း၊ ဗန်းမော်–လွယ်ဂျယ်လမ်း၊ တရုံ–ဒိုက်ဖားလမ်း၊ ဂွေထော်–အရဲဇွတ်–ဂွမ်ဆာယန် လမ်း၊ နမ့်ဆန်ယန်–ပန်းတောင်းလမ်း၊ ပူတာအို–ဖုန်ကန်ရာဇီလမ်း၊နားလုံ– လိုင်ဇာယန်လမ်း။

### ကိုးကန့်ဒေသ

ချင်းရွှေဟော်–လောက်ကိုင်လမ်း၊ လောက်ကိုင်–ရန်လုံကျိုင်လမ်း၊ တာရွှေထန်–တာပါးလမ်း၊ ဟိုပန်–ချင်းရွှေဟော်လမ်း၊ ဟိုလီ–ကာမိုင်း–သိန်းတန်လမ်း၊ ဝေါခြို–မိုးပေါ်လေးလမ်း၊ ကုန်းကြမ်း–မုံးဟောင်လမ်း၊ နမ့်တောင်း–မုံးပေါ် လမ်း၊ မုံးကိုး–မန်ကန်–မုံးယား–မုံးဟောင်–မုံးစီးလမ်း၊ မုံးပေါ်–မန်ကန်–မုံးကိုးလမ်း၊ ကြူကုတ်–မုံးကိုးလမ်း၊ မုံးကိုး–ဖောင်းဆိုင်လမ်း၊ ဟိုလီ–နမ့်ကျွမ်း–ဝေါခြိုလမ်း၊ လောက်ကိုင်–ကုန်းကြမ်းလမ်း၊ တာမိုးညဲ–မုံးစီး–တာပါးလမ်း၊ တာရွှေထန်–ကြာစီရှူးလမ်း။

### 'ဝ'ဒေသ

ဟိုပန်–မိုင်းမောလမ်း၊ ဟိုပန်–နမ့်တစ်လမ်း၊ မိုင်းမော–မန်တွန်းလမ်း၊ မိုင်းမော–နားဖန်–နောင်ခစ်လမ်း၊ ပန်ဆန်း–မိုင်းပေါက်လမ်း၊ ပန်ဆန်း–ပန်ယန်းလမ်း၊ မိုင်းမော–ပန်ဝိုင်–ပန်ဆန်းလမ်း၊ တာကော်အက်–ဝိန်းကောင်–ပန်ဆန်းလမ်း၊ မန်မိန်းဟုန်–ပန်ခွန်လမ်း၊ ညီနောင်တံတားမှ နမ့်တစ်ထိလမ်း။

### ရှမ်းဒေသ

ဘော်ကြို–အူမူးလမ်း၊ မန်ပုံ–မိုင်းကောင်လမ်း၊ ဆောင်ကြဲ–မိုင်းခေးလမ်း၊ နမ့်ပေါင်–နမ့်မ–နောင်လိုင်လမ်း၊ နားမွန်း–ဆောင်ကြဲ–စိန်ကြော့–မိုင်းရယ်လမ်း၊ သီပေါ–ကွန်ဟောက်လမ်း၊နမ့်လန်–ဟိုခိုလမ်း၊ နောင်လိုင်–နမ့်မူဆယ်–ပါဖန်–တာဆိုင်းလျှံလမ်း၊ ရေပူ–နောင်လိုင်–ပုံဝိုးလမ်း၊ မိုင်းရယ်–မုံးဟာလမ်း၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့



သံလွင်တံတား (တာကော်အက်)ပေါ်မှ ဤသို့ လွယ်ကူချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ကြပြီဖြစ်သည်။

**စာမျက်နှာ ၁၀ မှ ဆောင်းပါးအဆက်**

ကျိုင်းလင်း-ကျေးသီးလမ်း၊ မိုင်းခေး-မန်မွန်းလမ်း၊ပုန်းတွန်-ဟန်နားလမ်း၊ ကာလီ-ဟိုပန်-နန့်လန်လမ်း၊ လွယ်ယင်း-တိုင်းကောင်းလမ်း၊ မိုင်းကိုင်-ကဗွီး- မိုင်းယွန်းလမ်း၊ ဟိုပန်-ဝမ်မိုင်-မိုင်းရှူးလမ်း။

**ပလောင်ဒေသ**

နမ္မတူ-ဘော်တွင်း-မန်တုံလမ်း၊ နမ္မတူ-နမ့်ဟိုင်း-မုံးဝီးလမ်း၊ နမ့်ဆန်-မန်တုံလမ်း၊မန်တုံ-မိုးမိတ်လမ်း၊ မန်ကန်-လုံတောက်လမ်း၊ မန်တုံ-မုံးဝီးလမ်း၊ လွယ်ဆိုင်-တောင်မလမ်း၊ နမ့်ခမ်း-ပန်ဆေးလမ်း။

**ကချင်အရှေ့မြောက်ဒေသ**

ကွတ်ခိုင်-ကောင်းခါးလမ်း၊ တာမိုးညဲ-ရှောက်ဟော်-တက္ကနိုင်းလမ်း။

**ကျိုင်းတုံအရှေ့ဒေသ**

မိုင်းငေါင်း-မိုင်းဝလမ်း၊ မိုင်းယောင်း-မိုင်းယုလမ်း၊ ကြက်ဥတောင်-မိုင်းပေါက်လမ်း၊ မိုင်းယန်း-ဆီလူးလမ်း၊ မိုင်းယု-မိုင်းဟဲ-ဝမ်ဖြတ်-နယ်စပ်ကျောက်တိုင်အမှတ်(၂၄၀)လမ်း၊ ကျိုင်းတုံ-မိုင်းလားလမ်း၊ မိုင်းယန်း-မိုင်းဖျန်-ဟိုတောင်းလမ်း၊ ဝမ်ယန်-ဝမ်နောင်လမ်း၊ မိုင်းပေါက်-ပန်ဆန်းလမ်း၊ မိုင်းယောင်း-ဝမ်ဖိုင်-ကျိုင်းကုန်းလမ်း၊ မိုင်းကိုင်-မိုင်းတင်း-လန်းဆတ်လမ်း၊ ကျိုင်းတုံ-မိုင်းခွန်လမ်း၊ မိုင်းယောင်း-ပါလျှိုးလမ်း၊ မိုင်းယောင်း-မိုင်းကိုင်-လွယ်မွေလမ်း၊ မိုင်းခတ်-ဝါးခုတ်လမ်း၊ နောင်ချို-မိုင်းညွင်းလမ်း၊ မိုင်းပုကြီး-လွယ်ခါးလမ်း၊ မိုင်းခတ်-မိုင်းနှုံးလမ်း၊ မိုင်းလား-ဝမ်ကျင်း-ဆန်တောက်လမ်း၊ ဆီလူး-မိုင်းလားလမ်း၊ တာချီလိတ်-အဒီးလမ်း၊ ဝမ်ညှပ်-ဝမ်ရှန်လမ်း။

**ဟိုမိန်းဒေသ**

တာစွတ်တိန်း-ဟိုမိန်းလမ်း၊ ဟိုမိန်း-ခန်းပါလမ်း။

**မုံးထော်/မုံးထဒေသ**

မုံးကျွတ်-နားကောင်းမူလမ်း၊ နားကောင်းမူ-မုံးထ-ပန်မိုင်စွန်လမ်း၊ မုံးထ-ခန်းပါ-ဆန်ဂိုဒေါင်လမ်း။

**မော်ဖဒေသ**

လွယ်ပါ-လွယ်ဟိုလာလမ်း၊ ပို္ငင့် ၆၀၂၈-ရောင်အူလမ်း၊ တာကော်လေး-မက်မန်းလမ်း။

**ပအိုဝ်းဒေသ**

ကျောက်တလုံး-နောင်တရားလမ်း၊ ကျောက်တလုံး-ပင်တွန်းလမ်း၊ တောင်ကြီး-ကျောက်တလုံးလမ်း၊ ကျောက်တလုံး-နမ့်ပန်လမ်း၊ ဆီဆိုင်-နောင်ထော်လမ်း၊ ပွန်ချောင်း-ကဒူကြီးလမ်း၊ မောက်မယ်-နမ့်လွတ်-ကဒူလေးလမ်း၊ ကဒူကြီး-တာစွတ်တိန်းလမ်း၊ ဘန်းယဉ်-ပန်အောလမ်း၊ ဟိုင်းနားလေး-နားရိုင်းလမ်း၊ ကျောက်ထို-ကတ္တူလမ်း၊ မိုင်းပွန်-မိုင်းဆစ်လမ်း။

**ကယားဒေသ**

ဆီဘူး-သာအောက်-မောင်ဘလော့-ကျေးကတော့လမ်း၊ မိုးဗြဲ-လဂျိန္ဒဲ့-ပီကင်းလမ်း၊ ဖရူဆို-မူဆို-ဟိုယာလမ်း၊ ဟိုယာ-ကေကောလမ်း၊ ဟိုယာ-ခါးဘယ်လမ်း၊ ဆီဘူး-သိကျိတ်လမ်း၊ ဆီဘူး-လိပ်သို-ယာဒိုလမ်း၊ ပီကင်း-လအိ-လတိန်-ဆောင်းပြောင်းလမ်း၊ ဇလုံတောင်-လအိ-လတိန်-ပီကင်းလမ်း၊ ဒေါရောခူ-လွိုကထိလမ်း၊ လိုဘာခူ-ခူးပရားလမ်း၊ ခူးပရား-လွိုင်နန်းဖလမ်း၊ ပန်တိန်း-ဘီပီ၁၅လမ်း၊ မဲ့စဲ့-ဘီပီ၁၄လမ်း၊ ဗဟုံး-ကျေးကတော့-မောင်ဘလော့လမ်း၊ ဘော်လခဲ-ဒေါ်ညေးခူ-ဒေါ်တမကြီးလမ်း၊ လွိုင်နန်းဖ-၄မိုင်လမ်းဆုံလမ်း၊ လောပိတ-ပရဲခူ-ဘိုရား-ဒေါဖုလမ်း၊ ဘီမိခို-ကွာခီး-ဘူးကိုလမ်း။

**မွန်ဒေသ**

ရေး-ဂနီလမ်း၊ ခေါဇာ-မကျီးလမ်း၊ ရေး-ခေါဇာလမ်း၊ ရေး-ကျောင်းရွာလမ်း၊ ခရုံဂူ-တရနာ-ကော့ဘိန်း-မင်းရွာလမ်း၊ ကော့ဘိန်း-ကမ်းနီလမ်း၊ ဇာသပြင်-ချောင်းနှစ်ခွလမ်း၊ ကြာပန်း-ဝီယော်-ဒေါက်ယက်၊ ညောင်ထောက်-ဆင်ကွင်း-ဝင်းကံလမ်း။

**ကရင်ဒေသ**

ဝါးဘိုးတော-ကမမောင်းလမ်း၊ ကြာအင်းဆိပ်ကြီး-ချောင်းနှစ်ခွလမ်း၊ ကြာအင်းဆိပ်ကြီး-တဂေး-ကျိုက်ဒုံလမ်း၊ ထီးပိုးကလို-နောင်ကမြိုင်-ရွှေဂွန်း-မြိုင်ကြီးငူလမ်း၊ ဇာသပြင်-ကျုံဖဲ-ကျားကလေးလမ်း၊ သက်နှင်းညီနောင်-ဇေ့ရှမ်းလမ်း၊ မြဝတီ-မယ်ထော်သလေးလမ်း၊ သံတောင်ကြီး-လိပ်သိုလမ်း၊ ကြာအင်းဆိပ်ကြီး-မဲသရော-တောင်ကြာအင်းလမ်း။

**တနင်္သာရီဒေသ**

၁၀မိုင်-ချမ်းဖမ်းလမ်း၊ တနင်္သာရီ-သဲဖြူ-မောတောင်လမ်း၊ ဟံကပြူ-ရွာဟော့လူလမ်း၊ ခမောက်ကြီး-မာရမ်းလမ်း၊ မဏ္ဍိုင်-ရတနာပုံ-အလယ်စခန်း-လှည်းဆိပ်လမ်း၊ ဆိတ်ဖူး-မာရန်း-အေးချမ်းသာ-နမ့်တွန်လမ်း၊ ချောင်ချို-၂၃မိုင်တိုင်လမ်း၊ ပလောက်-ပြည်ခြား-အောင်သာဝရလမ်း၊ စမ်းသီတာ-နမ့်တွန်လမ်း၊ ချမ်းဖမ်း-ဟတ်စတင်းလမ်း၊ သဘော့လိပ်-သဲပုံ-သာယာကုန်းလမ်း၊ ပလောက်-ပြည်ခြား-သရက်-အောင်သာဝရလမ်း၊ ချောင်ချို-၂၃မိုင်တိုင်လမ်း၊ ချမ်းဖမ်း-ဟတ်စတင်း-အော်ကြီးလမ်း၊ ၅၇မိုင်လမ်းခွဲ-အောင်ဘာရွာလမ်း။

**ရခိုင်ဒေသ**

ဘူသီးတောင်-တောင်ဘဇာလမ်း၊ ဘူးသီးတောင်-ကျောက်တော်လမ်း၊ ကျောက်တော်-ပလက်ဝလမ်း၊ မောင်တော-ကြိမ်ချောင်း-အောင်သပြေလမ်း၊ မောင်တော-ကျီးကန်းပြင်လမ်း၊ မောင်တော-အလယ်သံကျော်-အငူမော်လမ်း၊ ကျောက်ပန္တု-သဇင်မြိုင်လမ်း၊ ကမ်းတောင်းကြီး-ရှောက်ခြုံလမ်း၊ ခမောင်းဆိပ်-လှိုင်းသိလမ်း၊ ဝါးခုတ်ချောင်း-ကွန်တိုင်ရွာလမ်း။

**ချင်းဒေသ**

တီးတိန်-တွန်းဇံ-ကျီးခါးလမ်း၊ ထန်တလန်-လုံလဲလမ်း၊ တီးတိန်-ရိဒ်ရေကန်လမ်း၊ တီးတိန်-ထုတ်လှိုင်လမ်း၊ ဖောင်ကောင်-လေးဒေါ့-လိမ်ခိုင်လမ်း၊ တွီးခရမ်း-ဒါရ်ခိုင်လမ်း၊ ရေဇွာ-လိုင်လင်းပီလမ်း၊ ရေဇွာ-ဆဘောင်သဲလမ်း၊ ဟာရီဖီး-ဝေါင်းသူလမ်း၊ ဝေါင်းသူ-ငဖိုင်ဖီးလမ်း၊ ကန်ပက်လက်-ကျင်ဒွေးလ်း၊ ခွီးရိန်-ရန်ပန်းလမ်း။

**ကဘော်ချိုင့်ဝှမ်းဒေသ**

တမူးမြို့ အလောင်းဘုရားလမ်း၊ တမူးနယ်စပ်လမ်း။

**စစ်ကိုင်းဒေသ**

ကလေးဝ-မော်လိုက်လမ်း၊ ကန့်ဘလူ-ကျွန်းလှ-ချပ်သင်း-ကြခတ်အိုက်-ကောလင်းလမ်း၊ ပုလဲမြို့မှ အလောင်းတော်ကဿဖသွား ပုပ္ပားချဉ်းကပ်လမ်း။

**နာဂဒေသ**

လဟယ်-တိုက်ရန်းလမ်း၊ ခန္တီး-လဟယ်လမ်း၊ လဟယ်-ယမ်းကြုံးလမ်း၊ လဟယ်-ကြူရန်းလမ်း၊ လဟယ်-တိုက်ရန်း-ပုံညိုလမ်း၊ လေရှီး-ပန်ဆပ်-ဆွန်ပရာလမ်း၊ လောက်ငေါက်-စစ်ဖောင်-ကျွန်းဖောင်လမ်း။

ယခုအခါ နယ်စပ်ဒေသများတွင် မြေလမ်း ၂၉၄၁မိုင်၊ ကျောက်ခင်းလမ်း ၁၇၄၄မိုင်၊ ကတ္တရာလမ်း ၃၂၅မိုင် ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်၍ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူ ငါးသန်းကျော် လွယ်ကူစွာကူးလူးဆက်သွယ် သွားလာနေကြပြီ ဖြစ်သည်။

ဤသို့ ဆောင်ရွက်ပေးမှုဖြင့် ယခင်ကတောတောင်လျှိုမြောင်တွေကို ဖြတ်ကျော်ပြီးခြေကျင်သွားလာခဲ့ရသည့် နယ်စပ်လမ်းများ၊ ဝန်တင်လားမြင်းများနှင့် ကုန်စည်သယ်ယူခဲ့ရသော နယ်စပ်မှလမ်းများသည် ယနေ့ခေတ်အခါမှာဖြင့် ကားတဝီဝီမောင်းလို့ သွားနိုင်ကြပါပြီ။ တိုင်းရင်းသားများ ပလိုင်းကိုလွယ်၍တစ်မျိုး၊ ထမ်းပိုးကိုထမ်း၍တစ်ဖုံ ခရီးသွားနေကြသည့် မြင်ကွင်းများမှာလည်း ရှားပါးသွားခဲ့ပါပြီ။ ယမန်နှစ်က လေ့လာရေးခရီးစဉ်တွင် လိုက်ပါရင်း"ကားလမ်းတွေ ပေါက်လို့ ခုမှရွှေတိဂုံဘုရားကြီးဖူးရတော့တယ်၊ အဘသေပျော်ပါပြီကွယ်"ဟု ပြောသွားခဲ့သော တနင်္သာရီတိုင်း မေတ္တာ/တောင်သုံးလုံးဒေသမှ အသက် ၇၄ နှစ်အရွယ်ရှိ အဘဦးဖိုးစိန်၏ စကားသံက ဝမ်းနည်းဝမ်းသာပီတိမျက်ရည်ဝေစေခဲ့သည်။

၂၀၀၄ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီအစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

**"နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိကကျကြောင်း၊ ယခုအခါ နယ်စပ်ဒေသများ၌ လမ်းများတိုးတက်ကောင်းမွန်လာပြီဖြစ်သော်လည်း ဆက်လက်ဆောင်ရွက်ဖွယ်ရာများ ကျန်ရှိနေသေးကြောင်း၊ ရာသီမရွေး သွားလာနိုင်သည့် လမ်းများဖြစ်စေရေး၊ လိုအပ်သည့်လမ်းမကြီးများကို ကတ္တရာခင်းလမ်းမကြီးများဖြစ်စေရေး၊ တံတားများကိုပိုမိုခိုင်ခံ့သည့် တံတားများဖြစ်စေရေးတို့အတွက် ဆက်လက်ဆောင်ရွက်ကြရဦးမည်ဖြစ်ကြောင်း"**

လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြရာတွင် အဓိကထားဆောင်ရွက်ခဲ့သော လမ်း/တံတားများ၏ ကျေးဇူးကြောင့် နယ်စပ်ဒေသအသီးသီးတွင် လူမှုစီးပွားရေးအခြေခံအဆောက်အအုံများမှာ မျှော်မှန်းထားသည်ထက် ပိုမိုအောင်မြင်ခဲ့သလို နယ်စပ်မြို့များ အနေဖြင့်လည်း အတွင်းပိုင်းမြို့ကြီးများနှင့်မခြား ခေတ်မီဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ အနေဝေးခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ ရင်းနှီးချစ်ကြည်စွာထိတွေ့ဆက်ဆံမှုများလာ၍ အပြန်အလှန်နားလည်ယုံကြည်မှုမြင့်မားလာပြီး စည်းလုံးညီညွတ်မှုတိုးတက်ခိုင်မာလာခဲ့ပေပြီ။ ငြိမ်းချမ်းရေးနှင့်အတူ ယှဉ်တွဲဖော်ပြလာသည့်နယ်စပ်ဒေသလမ်း/တံတားများက ပြည်ထောင်စုတိုင်းရင်းသားအားလုံးကို အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ လမ်းပြခေါ်ဆောင်သွားမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း။ ။

## အမေမြင်စေချင်ပါသည်

❋ အမေရှိတုန်းက
ဂလုံးဂလု
အဖုအထစ်နဲ့
ထုဆစ်ထားတဲ့ရွာလမ်း
ကြမ်းသလားမမေးနဲ့
ခု-
"ရွာလမ်းမြေညီ"
မြေနီနီမှာ
စီရီတဲ့ပန်းအလှတွေနဲ့
အရမ်းလှနေပြီအမေ။

❋ အမေရှိစဉ်က
ရေစင်တစ်ပေါက်
တစ်ဝသောက်ဖို့ဝေး
တစ်ထောက်ခရီးထွက်မှ
ရေတစ်စည်ရတဲ့ရွာ
ခုတော့-
လှူတဲ့သူ ပေါ
ရေဒလဟောနဲ့
သောသောရှင်ရှင်
ကြည်လင်တဲ့ရေကိုသယ်
ရွာလယ်ကအပြန်
လက်ခတ်သံညံတဲ့လမ်း
"အပိုဝင်ငွေရှာတဲ့စခန်း"။

❋ အမေနှင့်ကျွန်တော်
တူ ပျော်ပျော်နေခဲ့တုန်းက
ဘော်ငွေရောင်လျှမ်း
လရောင်ဆမ်းတဲ့
အိမ်ကြမ်းပြင်မှာ
ထည်ဝါမှုကင်း
အကာအရံဆိုတာ အလျှင်းပါပဲလေ။

❋ ခု-များဖြင့်အမေရယ်
"ကျေးလက်အိမ်ရာ"တဲ့
အကာက ပျဉ်ထောင်
ခေါင်မိုးက သွပ်ပြား
အခင်းပြားက ပိတောက်
ထုပ်, လျောက်က သစ်ရာ
သစ်မာသားက တိုင်ထူလို့
ဇမ္ဗူကျော်အောင် လှပပြီး
ကြွကြွရွရွနေချင့်စဖွယ်
အိမ်တွေနဲ့-အမေရယ်
အိမ်ဦးခန်းမှာ အမေ့ကိုထား
သားကန်တော့ချင်လိုက်တာ
လွမ်းလိုက်တာအမေရယ်။ ။

မောင်စိတ္တ(ပညာရေး)

**ဇူလိုင် ၁၁ရက်က ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင် ဦးဆောင်မှုဖြင့် ဆရာ ဆရာမများ၊ ကျောင်းကောင်စီအသင်းငါးသင်းမှ ကျောင်းသားကျောင်းသူများက အလှပန်းအိုးများ သစ်ပင်၊ ပန်းပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။**
**(က-ပ)**

**လှိုင်သာယာမြို့နယ် မြို့နယ်လုံးဆိုင်ရာ မလွန်ဆန်လူအသင်းထောက်၏ (၁၂)ကြိမ်မြောက် ၂၀၀၃-၂၀၀၄ခုနှစ် မြို့နယ်လုံးဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၁၁ရက်က အမှတ် ၁၄၆ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် ကျင်းပရာ သဘာပတိ အမှတ်(၁၂)ရပ်ကွက် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)**

## မဟာစည်သာသနာ့ရိပ်သာ ဝါတွင်းသီတင်းစဉ်ဓမ္မသဘင်

**ရန်ကုန် ဇူလိုင် ၁၈**

ညောင်ဦးမြို့ မဟာစည်သာသနာ့ရိပ်သာ၌ ယောဂီများစုပေါင်းကျင်းပသော ၁၃၆၆ခုနှစ် ဝါတွင်းသီတင်းစဉ် ဓမ္မသဘင်ကို ဒုတိယဝါဆိုလပြည့်ကျော်ဂရက်မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ မွန်းလွဲ၂နာရီနှင့်ည၇နာရီတို့တွင် ဆရာတော်ဘဒ္ဒန္တကေသဝ ချမ်းမြေ့ရတနာကျောင်း၊ ဘုံကျော်တိုက် မန္တလေးမြို့၊ (ဖြူး) ဆရာတော် ဘဒ္ဒန္တနရပတိ၊ ဆရာတော်ဘဒ္ဒန္တထေရဝံသ မဟာစည်ရိပ်သာ ရန်ကုန်မြို့၊ ဆရာတော်ဘဒ္ဒန္တပညာစက္က မဟာစည်သာသနာ့ရိပ်သာ ဆိပ်ခွန်ရွာ ရွှေဘိုမြို့၊ ဆရာတော်ဘဒ္ဒန္တဝိမလ ဝါဆိုကျောင်း ကြို့ပင်ကောက်မြို့၊ ဆရာတော်ဘဒ္ဒန္တသုဇာတ မေတ္တာအေး သာသနာ့ရိပ်သာ သဃ်န်းကျွန်း ရန်ကုန်မြို့၊ ဆရာတော်ဘဒ္ဒန္တဝိစာရ ညောင်ကန်အေးရိပ်သာ ရန်ကုန်မြို့၊ ဆရာတော်ဘဒ္ဒန္တသုမင်္ဂလ ခေမာဝင်းကျောင်း မြတောင်တိုက် မန္တလေးမြို့၊ ဆရာတော်ဘဒ္ဒန္တကုသလဗုဒ္ဓိ ဓမ္မရောင်ခြည်ကျောင်း အသောကာရာမတိုက် မန္တလေးမြို့၊ ဆရာတော်ဘဒ္ဒန္တဇောတသာရ မြင်းကကုန်း မဟာစည်ရိပ်သာ၊ ဆရာတော်ဘဒ္ဒန္တမုနိန္ဒ မြန်အောင်ကျောင်း မူလဆီးဘန်နီတိုက် မန္တလေးမြို့၊ ဆရာတော်ဘဒ္ဒန္တအရိယာဝံသ မဟာဝိသုတာရာမတိုက် ပခုက္ကူမြို့တို့က အလှည့်ကျ တရားချီးမြှင့်မည်ဖြစ်ရာ တရားနာကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# နှစ်ဖက်ခေါင်းဆောင်များအပြန်အလှန်လည်ပတ်ခြင်းဖြင့်ချစ်ကြည်ရေးနက်ရှိုင်းစေခြင်းကိုဆက်လက်ထိန်းသိမ်းစေလို နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်နိုင်သည့်ကဏ္ဍစုံတိုးမြှင့်ဆောင်ရွက်ရေးနှစ်ဖက်ညှိနှိုင်းဆောင်ရွက်ကြမည်ဖြစ်

စာမျက်နှာ ၇ မှ

ဥက္ကဋ္ဌ မစ္စတာဟိုဝေကွေ့တို့က လက်မှတ်ရေးထိုးကြပြီး ထောက်ပံ့ရေးစာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့ အကြား သဘောတူစာချုပ် ဖြစ်သည့် "တကောင်းတောင် နီကာယ်သတ္တုစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်း သဘောတူစာချုပ်"ကို သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Non-ferrous Metal Mining& Construction Co.,Ltd. ဥက္ကဋ္ဌ

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှု စာချွန်လွှာများနှင့် အပြန်အလှန် လဲလှယ်မှုစာလွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် "တကောင်းတောင် နီကာယ်သတ္တု စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်း သဘောတူစာချုပ်"ကို သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ **China Non-ferrous Metal Mining & Construction Co.,Ltd.** ဥက္ကဋ္ဌ မစ္စတာကျန်းကျန့်တို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံအကြားသဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများနှင့် အပြန်အလှန်လဲလှယ်မှုစာလွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် "ပျော့ဖတ်စက်ရုံများတည်ဆောက်ရန်အတွက် နားလည်မှုစာချွန်လွှာ"ကို အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical Construction (Group) Corporation ဥက္ကဋ္ဌ မစ္စတာရန်းချန်ဟန်တို့က လက်မှတ်ရေးထိုးကြစဉ်။**

**(သတင်းစဉ်)**

မစ္စတာကျန်းကျန့်တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူ စာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

## နားလည်မှုစာချွန်လွှာလဲလှယ်

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား နားလည်မှုစာချွန်လွှာဖြစ်သည့် "ပျော့ဖတ်စက်ရုံများ တည်ဆောက်ရန်အတွက် နားလည်မှုစာချွန်လွှာ"ကို အမှတ်(၁)စက်မှု ဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical Construction (Group) Corporation ဥက္ကဋ္ဌ မစ္စတာရန်းချန်ဟန်တို့က လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာကို အပြန်အလှန်လဲလှယ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## တည်ခင်းဧည့်ခံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ညဂ၇နာရီခွဲတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ အနောက်ဘက်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

## တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

## ပြန်လည်ရောက်ရှိ

ဂုဏ်ပြု ညစာစားပွဲအခမ်းအနားအပြီးတွင် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း စီးပွားရေးနှင့်ကျွမ်းကျင်မှုပူးပေါင်းဆောင်ရွက်ရေးစာချုပ်နှင့်စာချွန်လွှာများ

- အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာတည်ဆောက်ရေး စီမံကိန်းဆိုင်ရာ စာလွှာ၊
- မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်လုပ်ငန်းစီမံကိန်းများ၏ ပင်မစီမံချက်ရေးဆွဲရေးဆိုင်ရာ စာလွှာ၊
- သန်လျင်-ကျောက်တန်း စက်မှုဇုန်အတွက် ပင်မလုပ်ငန်းစီမံချက်ဆိုင်ရာ စာလွှာ၊
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတိုးမဲ့ချေးငွေ ရင်မင်ဘီယွန် သန်း ၅၀ဖြင့် ရထားသံလမ်းများ ရယူရေးဆိုင်ရာ စာလွှာ၊
- ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းအချက်အလက်လုပ်ငန်း ဝန်ကြီးဌာနတို့အကြား သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊
- အမှတ်(၄)ယူရီးယားဓာတ်မြေဩဇာစက်ရုံ(တိုက်ကြီး) တည်ဆောက်ရေးအတွက် ဘဏ္ဍာငွေဖြည့်ဆည်းရေးသဘောတူစာချုပ်၊
- ချေးငွေပေးဆပ်ရေးပြန်လည်ညှိနှိုင်းမှု သဘောတူစာချုပ်၊
- မြန်မာနိုင်ငံ ဆက်သွယ်ရေးကွန်ရက်တည်ဆောက်ရေးစီမံကိန်းအတွက် ထောက်ပံ့ရေးစာချုပ်၊
- တကောင်းတောင် နီကာယ်သတ္တုစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်း သဘောတူစာချုပ်၊
- ပျော့ဖတ်စက်ရုံများ တည်ဆောက်ရန်အတွက် နားလည်မှုစာချွန်လွှာ။

# ပြည်သူလူထု၏လိုအပ်ချက်များဖြည့်ဆည်းပေး ဒေသဆိုင်ရာအာဏာပိုင်များနှင့်ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်

ရန်ကုန် ဇူလိုင် ၁၈

**ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ ရောက်ရှိနေသော ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၁၄ရက်မှ ၁၆ရက်အတွင်း သိန္နီ၊ ကွမ်းလုံ၊ ဟိုပန်၊ ချင်းရွှေဟော်၊လောက်ကိုင်မြို့နယ်များသို့ရောက်ရှိပြီး တပ်ဖွဲ့၊ ဦးစီးဌာနများမှ တာဝန်ခံအရာရှိများ၊တပ်ဖွဲ့ဝင်ဝန်ထမ်းမိသားစုများအား တွေ့ဆုံမှာကြားသည်။**

## ဆေးပေးခန်းဖွင့်

ဝန်ကြီးသည် ဇူလိုင်၁၄ရက် နံနက်ပိုင်းတွင် လားရှိုးမြို့နယ် နမ့်တွန်ကျေးရွာရှိ ပြည်နယ်ရဲတပ်ဖွဲ့၏ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးဘက်စုံခြံကို ကြည့်ရှုစစ်ဆေးပြီး သိန္နီမြို့နယရဲတပ်ဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှု ဆေးပေးခန်းဖွင့်ပွဲသို့ တက်ရောက် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကွမ်းလုံမြို့နယ်နှင့် ဟိုပန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ မြို့နယ်တာဝန်ခံများ၊ ဝန်ထမ်းများ၊လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ပြည်သူလူထုအတွင်း ယုံကြည်အားကိုးမှုရရှိစေရန်၊ ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် လိုအပ်ချက်များကို ဒေသဆိုင်ရာအာဏာပိုင်များထံ တင်ပြ၍ ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## ဖြည့်ဆည်းပေး

ဝန်ကြီးသည် ညနေပိုင်းတွင် လောက်ကိုင်မြို့၌ တိုင်းရင်းသား ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ကိုးကန့်အထူးဒေသ(၁)က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးခဲ့ခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်အတူ ဝန်ကြီးသည် ဇူလိုင်၁၅ရက် နံနက်ပိုင်းတွင် ကွတ်ခိုင်မြို့နယ် တီးမားကျေးရွာရှိ ရွှေပြည်သစ်လူငယ် ပြုစုပျိုးထောင်ရေးစခန်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ဝန်ကြီးက အုပ်ချုပ်ရေးရုံး၊ စားရိပ်သာ၊ ဓမ္မာရုံ၊ ဆေးကုသဆောင်နှင့် သင်တန်းသားအိပ်ဆောင်များကို တစ်ပြိုင်တည်း အမြန်ပြီးစီးရေး၊ လေလွင့်ဆုံးရှုံးမှုမရှိရေးတို့ကို မှာကြားပြီး ထပ်မံဆောက်လုပ်ရမည့် အဆောက်အအုံများနေရာကို ရွေးချယ် သတ်မှတ်ပေးသည်။ ထို့နောက် တိုင်းမှူးက လိုအပ်ချက်များကို ဖြည့်စွက်အကြံပြုဆွေးနွေးသည်။

## စိုက်ကွင်းများစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ညနေပိုင်းတွင် နမ့်ခမ်းမြို့နယ်ရှိ ဆင်းရွှေလီ အထူးအထွက်တိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်နေသည့် လုံတိန်၊ ဖိုင်ကျောင်း၊ နောင်လွန်းကျေးရွာရှိ စိုက်ကွင်းများကို ကြည့်ရှု၍ နမ့်ခမ်း နှင့် မူဆယ်မြို့နယ်ရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ရဲစခန်းတို့ကို စစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ဇူလိုင် ၁၆ရက် နံနက်ပိုင်းတွင် လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာရှိ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရဲတပ်ဖွဲ့၏ ဧက ၁၀၀၀ ဆင်းရွှေလီ အထူးအထွက်တိုးစပါး မျိုးစေ့ထုတ် စိုက်ကွင်းသို့ ရောက်ရှိကြရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်နှင့် တာဝန်ရှိသူများက ဆင်းရွှေလီစပါး(F 1)မျိုးစေ့ ထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ပုံများကို ရှင်းလင်းတင်ပြကြသည်။

## ဆုငွေချီးမြှင့်

ထို့နောက် တိုင်းမှူးက ချီးမြှင့်သည့် ငွေကျပ်၁၀သိန်းကို ပြည်နယ်ရဲတပ်ဖွဲ့မှူးက လည်းကောင်း၊ ဝန်ကြီးက တပ်ဖွဲ့ဝင် မိသားစုကောက်စိုက်အဖွဲ့အား ချီးမြှင့်သည့် ငွေကျပ်တစ်သိန်းကို ခရိုင်ရဲတပ်ဖွဲ့မှူးက လည်းကောင်း လက်ခံသည်။ ဆက်လက်၍ တိုင်းမှူးက ပြည်နယ်စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့်မြေစာရင်း ဦးစီးဌာနများသို့ ဆုငွေများချီးမြှင့်သည်။

ဝန်ကြီးကရှမ်းပြည်နယ်(မြောက်ပိုင်း) ဝမ်းစာဖူလုံရေးအတွက် ပြည်နယ်ရဲတပ်ဖွဲ့က အောင်မြင်အောင် ပိုင်းဝန်းဆောင်ရွက်နိုင်သဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)သာမက တစ်နိုင်ငံလုံးဝမ်းစာဖူလုံရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး နိုင်ငံတော်ချစ်သည့် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့်တပ်ဖွဲ့ ဂုဏ်သိက္ခာမြှင့်တင်ရေး စိတ်ဓာတ်တို့ဖြင့် ဆောင်ရွက်ကြရန်မှာကြားပြီး ရဲတပ်ဖွဲ့ဝင်မိသားစုများ ကိုယ်တိုင်စိုက်ပျိုး လျက်ရှိသော စိုက်ကွင်းကို ကြည့်ရှုအားပေးကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

# ရွှေတိဂုံစေတီတော်အတွက်ထာဝရဒါန အရိပ်အလှူ၊ ပန်းအလှူ လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၈

**ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်မှုဖြင့်အလှူရှင်များ ရွှေတိဂုံစေတီတော် သိဂ္ဂုတ္တရဥယျာဉ်တော်ကြီးအတွင်း ရှင်ဥပဂုတ္တကန်တော်မင်္ဂလာ မဟာဝန်းကျင်၌ အရိပ်ရပင်နှင့်ပန်းအလှပင်များကို ထာဝရဒါနအရိပ်အလှူ၊ ပန်းအလှူအဖြစ် စိုက်ပျိုးလှူဒါန်းနိုင်ရန် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်သွေးဆေးကန်အနီး၌ အလှူခံဌာန ဖွင့်လှစ်ထားရှိသည်။**

**အဆိုပါအလှူခံဌာနသို့ စေတနာရှင်အလှူရှင်များက ဆီအုန်း၊ ကြိမ်ထန်း၊ အုန်းငှက်ပျောစသည့် အရိပ်ရပင်များ၊ ဗုဒ္ဓသရဏ၊ ရွက်လှ၊ ပန်း၊ ရွှေဝါး၊ ကြက်တူရွေး၊ ခေါင်ရန်း၊ ပုဏ္ဏရိက်ကြီး၊ စံပယ်၊ ဒန့်ဒကူး၊ နဂါးစက်ဂမုန်း၊ ဝါးမြက်၊ ပိတ်စွယ်စသည့် ပန်းအလှပင်များကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လာရောက် ဝယ်ယူလှူဒါန်းလျက်ရှိကြသည်။**

## လာရောက်လှူဒါန်း

**ယနေ့မွန်းလွဲ ၁နာရီခွဲတွင် လူမှုထူးချွန်ပထမဆင့်၊ သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်းနှင့် ဇနီး သီဟသုဓမ္မသီရိ သီရိသုဓမ္မသီရိ အဂ္ဂမဟာသီရိသုဓမ္မသီရိဒေါ်နီ သားသမီးမြေးတစ်စု၊ ရွှေသံလွင် ကုမ္ပဏီမိသားစုတို့က အရိပ်ရပင်များဖြစ်သည့် ဆီအုန်း ၃၁ပင်၊ ကြိမ်ထန်း ၃၁ပင်၊ အုန်းငှက်ပျော ၃၁ ပင်နှင့် ပန်းအလှပင်များဖြစ်သည့် ဗုဒ္ဓသရဏပင်ရေ ၅၀၀၀၊ စံပယ်ပင်ရေ ၁၀၀၀၊ နဂါးစက်ဂမုန်းပင်ရေ ၃၀၀၊ ကိုယ်ရံလေးပင်ရေ ၁၀၀၀၊ ပုဏ္ဏရိက်ကြီးနှင့် ပျိုမနိုင်ပင်ရေ ၁၀၀စီ စုစုပေါင်းငွေကျပ် ၂၉၅၀၀၀၀ တန်ဖိုးရှိ ပန်းပင်များကို ထာဝရဒါနအရိပ်အလှူ၊ ပန်းအလှူအဖြစ် အလှူခံဌာနသို့ လာရောက်လှူဒါန်းရာ ရွှေတိဂုံစေတီတော်ထာဝရ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီနှင့် စေတီတော်ဂေါပကအဖွဲ့မှတာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။**

## ဝယ်ယူလှူဒါန်းနိုင်

**အဆိုပါ အလှူခံဌာနကို ဩဂုတ် ၃၁ ရက်အထိ နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၆ နာရီ အထိ ဖွင့်လှစ်ထား မည်ဖြစ်ရာ အလှူရှင်များ လာရောက် ဝယ်ယူလှူဒါန်းနိုင်ကြကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

**ဇူလိုင် ၄ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၅)ရပ်ကွက် ဇီဇဝါ ၂လမ်း အမှတ် ၈၉၄ နေ အဘွားဒေါ်မြကြည် မိသားတစ်စုတို့က ကွယ်လွန်သူ မောင်မင်းစိုး(Sian jona Than Co., Ltd.)အား ရည်စူး၍ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူတော်ငွေ ကျပ်တစ်သိန်းကိုလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစား သံအမတ်ကြီး)က လက်ခံရယူစဉ်။**

(က-ပ)

# သန္တနုဓမ္မပါလကအဖွဲ့ချုပ် ဝါဆိုသင်္ကန်းကပ်မည်

**ရန်ကုန် ဇူလိုင် ၁၈**

သန္တနုဓမ္မပါလက အဖွဲ့ချုပ်က ကြီးမှူး၍ ဟိန္ဒူမိသားစုဝင်များ စုပေါင်း၍ ကမ္ဘာအေးကုန်းမြေကျောင်းဆောင်သစ်တွင် သီတင်းသုံးတော်မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်မှ သံဃာတော်များအား ဩဂုတ် ၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကမ္ဘာအေးကုန်းမြေ မိုးကုတ်ဆွမ်းစားကျောင်း၌ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းမည် ဖြစ်သည်။ အဆိုပါလှူဒါန်းပွဲသို့ ဟိန္ဒူမိသားစုဝင်များ ကြွရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဖုန်း-၅၂၅၁၆၅၊ ၂၄၂၇၅၁၊ ၂၅၁၄၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

# နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၅၉)ဖြန့်ချီ

**ရန်ကုန် ဇူလိုင် ၁၈**

နိုင်ငံတကာသတင်းဂျာနယ် အမှတ် (၄၅၉)ကို ယနေ့(တနင်္လာနေ့) ဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့"ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာ သတင်းများနှင့်သတင်းဆောင်းပါးများကိုဦးဦးဖျားဖျားထူးထူးခြားခြားဖော်ပြနေသော နိုင်ငံတကာသတင်းဂျာနယ်၏ ယခုရက်သတ္တပတ်ထုတ်တွင် အာရှကို ခြိမ်းခြောက်လာသော အိဒ်စ်ရောဂါ၊ ဂွါဒီမာလာနိုင်ငံအကြောင်း သိကောင်းစရာ၊ အီရတ်သို့ လက်နက်များ ရောင်းရန် လှုပ်ရှားနေကြသည့် လက်နက်ကုန်သည်များ၊ သမားရိုးကျမဟုတ်သောလက်နက်များ ရရန် ကြိုးပမ်းနေသော ဇကာဝီ၊ နယ်သာလန်မှ တင်ပို့မည့် ပန်းမန်များ၊ ယာယီပိတ်ထားလိုက်ရသော အမေရိကန် အဏုမြူလျှို့ဝှက်ဓာတ်ခွဲခန်း၊ တောင်အာရှရေဘေး၊အာဖရိကအနာဂတ် ရေပြဿနာ၊ စက်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုနောက်ပိုင်း ပြောင်းလဲလာသည့် အမေရိကန်နိုင်ငံခြားရေးမူဝါဒ၊ အီရတ် လက်နက်ကိစ္စ အမေရိကန်အထက်လွှတ်တော်ကော်မတီ အစီရင်ခံစာ၊ သမ္မတရာထူးကို မှန်းမျှော်ခြင်း မရှိပါဟုဆိုသူ မက္ကဆီကို သမ္မတကတော်၊ဝန်ကြီးချုပ် ရှာရွန်၏ ညွန့်ပေါင်းဖွဲ့ရေး ကြိုးပမ်းချက်၊ မီးသွေးဖြင့် ကင်ထားသော အသားစားသုံးမှုနှင့် ကင်ဆာရောဂါ၊ ဘော့စနီးယားမှ အီးဂဲ လေတပ်စခန်း၊ လူ့ကိုယ်အတွင်း စိစစ်ရေး Chipထည့်ကာ လုံခြုံရေးဆောင် ရွက်ခြင်းစသည့် သတင်းနှင့် သတင်း ဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မန္တလေးမိုး

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

# အရိယာရိပ်သာတရားစခန်း

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလဲ့စေတီတော်ကြီးရှေ့ အရိယာရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေလာသက ဒုတိယဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းဥပုသ်နေ့တိုင်း သီလပေးတရားချီးမြှင့်ပြီး လပြည့်ကျော် ၁ရက်မှ၇ရက်အထိ ဝါတွင်းလစဉ် ဝိပဿနာအလုပ်ပေးတရား ဟောကြားချီးမြှင့်မည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူယောဂီများ လာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

# ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကျင်းပ

**ရန်ကုန် ဇူလိုင် ၁၈**

ပဥ္စမအကြိမ်အမျိုးသားအဆင့်ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဇူလိုင် ၁၄ရက်က မြို့နယ်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ပြည်နယ်ကျန်းမာရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရွှေက တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ သက်ဆိုင်ရာတာဝန်ခံများက ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြကြောင်းသိရသည်။ **(က-ပ)**

## ဖဲကြိုးဖြတ်ဖွင့်လှစ်

**ဇူလိုင် ၁၄ရက်က ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက်တွင် ရွှေတိုင်ကိုယ့်အားကိုယ်ကိုးနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဝင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် လက်ထောက်(၃) ဒေါ်ခင်သန်းလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

**(မြို့နယ်ပြန်/ဆက်)**

# အာရှဖလားဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ အင်ဒိုနီး၊ ဆော်ဒီနှင့်တာ့ခ်မီနစ္စတန်သရေကျ

**ရန်ကုန် ဇူလိုင် ၁၈**

အာရှဖလားဘောလုံးပြိုင်ပွဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ယနေ့ ဆက်လက်ကျင်းပရာ အုပ်စု (က)မှ အင်ဒိုနီးရှားနှင့် ကာတာ အသင်းတို့ပွဲစဉ်တွင် အင်ဒိုနီးရှားက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိကာ (၃)မှတ်ရသွားသည်။

ပထမပိုင်းတွင် အင်ဒိုကဘူဒီဆူဒါဆိုနို၏ဦးဆောင်ဂိုးဖြင့်နိုင်နေပြီး ဒုတိယပိုင်းတွင် ပိုနာယိုအက်စ်တာမင်န်က ဒုတိယဂိုးသွင်းယူ၍ ကာတာမှ မဂျစ်မိုဟာမက်က ကာတာအတွက် တစ်ဂိုးသာချေပသွင်းယူနိုင်သည်။

ဒုတိယပွဲစဉ်တွင် အုပ်စု(ဂ)မှ ဆော်ဒီနှင့်တာ့ခ်မီနစ္စတန်တို့ နှစ်ဂိုးစီ သရေကျသွားသည်။ **(မြန်မာ့အလင်း)**

# အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲ တရုတ်နှင့် ဘာရိန်းတို့သရေကျ တောင်ကိုရီးယားနှင့်ဂျော်ဒန်၊ ယူအေအီးနှင့် ကူဝိတ် ယနေ့ ယှဉ်ပြိုင်ကစားမည်

## သတင်းဆောင်းပါး – မောင်မောင်မြင့်ဆွေ

**ရန်ကုန် ဇူလိုင် ၁၈**

အာရှဖလား ၂၀၀၄ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပွဲစဉ်အဖြစ် အိမ်ရှင်တရုတ်အသင်းနှင့် ဘာရိန်းအသင်းတို့ ပေကျင်းမြို့ရှိ ပရိသတ် ၆၆၀၀၀ဆံ့သော အလုပ်သမားအားကစားကွင်းကြီး၌ ဇူလိုင်၁၇ ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဖက် နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်ကာ ပွဲဦးထွက် တစ်မှတ်စီ ခွဲဝေယူခဲ့ကြပြီဖြစ်သည်။

အိမ်ရှင် တရုတ်အသင်းသည် တရုတ်ပရိသတ်၏ တစ်ခဲနက်အားပေးမှုနှင့်အတူ ပွဲစလျှင်စချင်း တိုက်စစ်ဖွင့်ကစားခဲ့သည်။ ရှေ့တန်းအလယ်တန်းနှင့် နောက်တန်းတို့ အချိတ်အဆက်မိမိကစားကာ ဘာရိန်းအသင်းဘက်သို့ ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားသော်လည်း ဘာရိန်းအသင်း နောက်ခံလူများ၏ ဟန့်တားနိုင်မှုများကြောင့် ပိုင်ပိုင်နိုင်နိုင် ဂိုးသွင်းရမှု အခွင့်အရေးများ မရရှိခဲ့ပေ။

ပွဲချိန် ၂၂မိနစ်တွင် တရုတ်တိုက်စစ်မှူး ဟိုဟိုင်ဒေါင် အပိုင်ကန်သွင်းသည့်ဘောလုံး ကန်ချက်ပျော့ပြီး ဘာရိန်းဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ ကန်ချက်မှန်သော်လည်း ဘာရိန်းဂိုးသမားအလီဆေ့ဒ် နေရာယူမှန်မှုကြောင့် အခွင့်အရေးတစ်ရပ် ဆုံးရှုံးခဲ့ရခြင်း ဖြစ်သည်။

တရုတ်အသင်းသည် ဘာရိန်းအသင်းကို ခြေအသာဖြင့် ဘောလုံးပိုင်ဆိုင်မှု ပိုမိုရရှိကာ ကွင်းလယ်ကစားကွက်ကိုလည်း တည်တည်ငြိမ်ငြိမ် ထိန်းချုပ်ကစားနိုင်ရာ တရုတ်ကွင်းလယ်ကစားသမားယန်ဆောင်၏ ဖြတ်တောက်ပေးပို့မှုများက တရုတ်တိုက်စစ်ကို အထောက်အကူပေးနိုင်ခဲ့သည်။ တရုတ်အသင်း ထိုးဖောက်ကစားရန်ကြိုးစားနေရာမှ ဘာရိန်းအသင်း ကွင်းလယ်ကစားသမား အယ်အက်လီကတယ်အယ်ယူဆေ့ဖ် ဖြတ်ပေးသည့်ဘောလုံးကို တရုတ်ဂိုးအတွင်းသို့ ၂၅ မီတာအကွာမှ အမှတ်တင်ကာ ဘာရိန်းအသင်းဘက်သို့ ထိုးဖောက်ကစားမှု အကြိမ်ကြိမ်ပြုလုပ်လာခဲ့ရာ ဘာရိန်းနောက်ခံလူများ မနားတမ်းဖျက်ထုတ်နေရသည်။ ပထမပိုင်းပြီးချိန်အထိ တရုတ်တို့ ချေပဂိုးမသွင်းနိုင်ခဲ့ပေ။

ဒုတိယပိုင်း စတင်ကစားသည်နှင့် တရုတ်တို့လျင်လျင်မြန်မြန်နှင့် အပေးအယူ အချိတ်အဆက်မိမိ ကစားပြီး ထိုးဖောက်တိုက်စစ်ဆင်ရာ ပွဲချိန် ၅၈ မိနစ်တွင် ဘာရိန်းနောက်ခံလူတစ်ဦး ဂိုးဧရိယာအတွင်း လက်ထိဘောဖြစ်ရာမှ တရုတ်တို့ ပယ်နယ်တီ ပြစ်ဒဏ်ဘောရရှိပြီး တရုတ်မှ ဇောင်ဇီ ကန်သွင်းရာ တရုတ်တို့တစ်ဂိုး စတင်ရရှိခဲ့သည်။

ဆက်လက်ပြီး နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားရာမှ တရုတ်အသင်း တိုက်စစ်ဆင်လာရာ ပွဲချိန် ၆၈ မိနစ်တွင် တရုတ်အသင်းမှ လီဂျင်ယု တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် တရုတ်အသင်း နှစ်ဂိုး–တစ်ဂိုးဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။ ဒုတိယပိုင်း တရုတ်တို့ နှစ်ဂိုး–တစ်ဂိုးဖြင့် ဦးဆောင်ကစားနေသည့် အချိန်မှစပြီး တရုတ်အသင်း ခံစစ်အနေအထားဖြင့် မထင်ကန်သွင်းသော ဘောလုံးကို တရုတ်ဂိုးသမား လူယန်ဖိုင် ကာကွယ်နိုင်ခဲ့သဖြင့် တရုတ်တို့အဖို့ သက်သာခွင့်ရခဲ့ခြင်းဖြစ်သည်။

ဘာရိန်းအသင်းသည် နောက်တန်းခံစစ်မှူးများ၏ ဖြတ်ထုတ်နိုင်မှုကောင်းမွန်သည့်အပြင် ဘောလုံးကို လျင်လျင်မြန်မြန် ရှင်းလင်းပစ်နိုင်မှုတို့ကြောင့်ဂိုးပေးရမှုများ သက်သာခဲ့ခြင်းဖြစ်သည်။ဘာရိန်းရှေ့တန်းလူများ အဝင်အထွက်ရဲရဲဖြင့် တစ်ချီတစ်ချီ ထိုးဖောက်ကစားမှုကို တရုတ်နောက်တန်းလူများ အလူးအလဲ ဖျက်ထုတ်ရသည်အထိ ထိရောက်မှုရှိခဲ့သည်။

ထိုသို့ကစားနေရာမှ ပွဲချိန် ၄၁ မိနစ်တွင် ဘာရိန်းအသင်းမှ မိုဟာမက်ဟူဘိုင်လ်က ဘောလုံးဆွဲယူပြီး တရုတ်နောက်ခံလူများ ဟန့်တားနေသည့်ကြားမှ ကန်သွင်းခဲ့သဖြင့် တရုတ်ဂိုးသမား မည်သို့မျှမတတ်နိုင်ဘဲ ဂိုးဝင်သွားခဲ့သဖြင့် ဘာရိန်းတို့ ဂိုးစတင်ရရှိသွားသည်။

ဘာရိန်းအသင်း ဂိုးစတင်ရရှိသွားသဖြင့် တရုတ်အသင်း ကစားအား ကစားခဲ့ရာကစားအား ချလိုက်သကဲ့သို့ ဖြစ်သွားခဲ့သည်။

တရုတ်အသင်း နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ယူလိုသော်လည်း ပွဲချိန် ၈၉ မိနစ်တွင် ဘာရိန်းအသင်းမှ တိုက်စစ်မှူး ဟူစိန်အလီက တရုတ်နောက်တန်းလူသုံးဦး ဟန့်တားနေသည့်ကြားမှ အမှတ်မထင်ကန်သွင်းရာ တရုတ်ဂိုးသမား ကာကွယ်သော်လည်း ဂိုးဝင်သွားသဖြင့် နှစ်ဂိုးစီ သရေပွဲ ဖြစ်ခဲ့ပြီး တစ်မှတ်စီ ခွဲဝေယူခဲ့ကြရသည်။

တရုတ်နှင့် ဘာရိန်းပွဲတွင် ပွဲစဉ်အကောင်းဆုံး ဘောလုံးသမားဆုကို တရုတ်အသင်းမှ တိုက်စစ်မှူး လီဂျင်ယုက ဆွတ်ခူးသွားသည်။

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲအုပ်စု(ခ)မှ ဘောလုံးပွဲစဉ်များကို တရုတ်နိုင်ငံ ဂျီနန်မြို့ရှိ ရှန်ဒေါင်းစပေါ့တ်စင်တာ အားကစားကွင်း၌ ဇူလိုင် ၁၉ရက် (ယနေ့)တွင် စတင်ကစားမည်ဖြစ်ရာ ပထမပွဲအဖြစ် ကိုရီးယားနှင့် ဂျော်ဒန်၊ ဒုတိယပွဲအဖြစ် ကူဝိတ်နှင့် ယူအေအီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ကိုရီးယားဘောလုံးအသင်းကို ဟော်လန်နည်းပြ ဂျိုဘွန်ဖရီရီကာ တာဝန်ယူထားပြီး ဥရောပတွင် ကစားနေသည့် ဘောလုံးသမားများကို ခေါ်ယူကာ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဖိုလ်လုပွဲတွင် ကစားခဲ့သည့် ဘောလုံးသမားများကို အခြေခံကာ ဖွဲ့စည်းထားသည်။ ခြေစစ်ပွဲတွင် လေးပွဲနိုင် နှစ်ပွဲရှုံးထား စံချိန်ရှိကာ အာရှဖလားချန်ပီယံဆု နှစ်ကြိမ်ရရှိထားခဲ့သော အသင်းလည်းဖြစ်သည်။ ယခုနှစ်တွင် ရေပန်းစားသော အသင်းဖြစ်ပြီး တောင်ကိုရီးယား၏ တိုက်စစ်မှူးများ၏ ဂိုးသွင်းစွမ်းရည်မှာလည်း ထက်မြက်နေသဖြင့် ဂျော်ဒန်အသင်းအတွက် ခက်ခက်ခဲခဲ ကစားရမည့်အနေအထားရှိသည်။

ဂျော်ဒန်အသင်းမှာ အီဂျစ်နည်းပြ မာမွတ်ဂိုဟာရီ ကိုင်တွယ်သည့်အသင်းဖြစ်ပြီး အာရှဖလားသမိုင်းတစ်လျှောက် ယခုနှစ်တွင် ပထမဆုံး ခြေစစ်ပွဲအောင်လာသည့် အသင်းဖြစ်သည်။ ခြေစစ်ပွဲတွင် အီရန်အသင်းကို အနိုင်ရရှိထားသည့် အသင်းဖြစ်သော်လည်း နောက်ဆုံးကစားခဲ့သည့် ငါးပွဲတွင် နှစ်ပွဲနိုင်၊ သုံးပွဲသရေကျထားသည့် အသင်းလည်းဖြစ်သည်။

ဂျော်ဒန်အသင်းသည် တောင်ကိုရီးယားအသင်းနှင့် ယှဉ်လျှင် သမ္မာနှင့်ပညာပါ ကွာခြားလျက်ရှိရာ တောင်ကိုရီးယားအသင်းအတွက် အနိုင်ရရှိရန် အခွင့်အလမ်း သာလျက်ရှိသည်။

အုပ်စု(ခ)မှ ဒုတိယပွဲစဉ်အဖြစ် ကူဝိတ်နှင့်ယူအေအီးတို့ ရှန်ဒေါင်းစပေါ့တ်စင်တာကွင်း၌ပင် ကစားရမည်ဖြစ်သည်။ ယူအေအီးအသင်းကို နည်းပြအက်ဒီမော့က တာဝန်ယူလျက်ရှိပြီး အာရှချန်ပီယံလိဂ်တွင် ပါဝင်ကစားခဲ့သော လူငယ်ကစားသမားများဖြင့် ဖွဲ့စည်းထားသောအသင်းဖြစ်သည်။

ယူအေအီးအသင်းသည် အာရှဖလားသမိုင်းတွင် ဖိုလ်လုပွဲတစ်ကြိမ်၊ အကြိုဖိုလ်လုပွဲတစ်ကြိမ် ရောက်ခဲ့ဖူးသည့်မှတ်တမ်းရှိပြီး ခြေစစ်ပွဲခြောက်ပွဲကစားရာတွင်လေးပွဲနိုင်၊တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားသည့်အသင်းဖြစ်သည်။

ယူအေအီးနှင့်တွေ့မည့် ကူဝိတ်အသင်းသည် အာရှဖလားပွဲ သမိုင်းတွင် တစ်ကြိမ်ဖိုလ်စွဲခဲ့သော မှတ်တမ်းရှိပြီး ယခုနှစ်အာရှဖလားပွဲခြေစစ်ပွဲများကစားရာတွင် ရှုံးပွဲမရှိသေးသည့် အသင်းလည်းဖြစ်သည်။

ကူဝိတ်အသင်းသည် လူဟောင်းများကို အခြေခံဖွဲ့စည်းထားပြီး အာရှအဆင့်တွင် အလယ်အလတ်တန်းရှိသည့် အသင်းဖြစ်သည်။ ယူအေအီးနှင့် ကူဝိတ်အသင်းတို့ စုစုပေါင်း ၁၈ပွဲကစားခဲ့ဖူးရာ ကူဝိတ်က ရှစ်ပွဲနိုင်ပြီး ယူအေအီးက ကိုးပွဲအနိုင်ရရှိခဲ့သည့်ရလဒ်များကိုကြည့်လျှင် တစ်သင်းနှင့်တစ်သင်း ခြေမကွာသည်ကို တွေ့ရသည်။ အနိုင်ရရှိမည့်အသင်းကို သုံးသပ်ရလျှင် ယူအေအီးအနိုင်ရရှိနိုင်သကဲ့သို့ သရေဖြစ်နိုင်သည့်ပွဲစဉ်ဖြစ်ကြောင်း သုံးသပ်မိပေသည်။ ။

**(မြန်မာ့အလင်း)**




**တရုတ်နှင့် ဘာရိန်းတို့ ပွဲစဉ်တွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုရ တရုတ်အသင်းမှ လီဂျင်ယုကို ဆုယူအပြီး တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)**

# မြန်မာနယူးစ်ဂျေဇက် အတွဲ(၁)၊ အမှတ်(၁၀)ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၁၈**

အယ်ဒီတာချုပ် ကိုကို (စက်မှုတက္ကသိုလ်) တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂျေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၀)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ်ဂျာနယ်တွင် မြန်မာနှင့်တရုတ်တို့ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ သဘောတူညီချက် ၁၁ ခု လက်မှတ်ရေးထိုး၊ ရန်ကုန်မြို့တွင် တစ်နာရီ ရေဂါလန်တစ်သောင်းကျော် ထုတ်နိုင်သည့် မြေအောက်ရေအရင်းအမြစ်များရှိနေ၊ ကွန်ပျူတာဆေးဗေဒပညာဖြင့် ရောဂါရှာဖွေစစ်ဆေးမှုခေတ်စား၊ မြန်မာပြည်သို့ အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးများ ဘီလ်ဂိတ်ဖောင်ဒေးရှင်းမှ လှူမည်၊ ပို့ကုန်သွင်းကုန်လိုင်စင်များ သက်တမ်းလျှော့ချ၊ ဆိုနီတာဝါ ရန်ကုန်တွင် တည်ဆောက်မည်၊ ချင်းမိုင်တွင် ဖွင့်လှစ်မည့် ညဆာဖာရီအတွက် ဘတ်ငွေ သန်းငါးရာကျော်ဖိုး တိရစ္ဆာန်များဝယ်မည်၊ အိုပက်က ရေနံစိမ်းစည် ငါးသိန်းတိုး ထုတ်ရန်ဆုံးဖြတ်၊ စင်ကာပူစီမံခန့်ခွဲရေးတက္ကသိုလ်သစ် ပထမအသုတ်ဘွဲ့ယူ၊ ထိုင်းဘုန်းတော်ကြီးက တိုင်းရင်းဆေးရည်ဖြင့် အိတ်ဒ်စ်ကုသပေး စသည့် ပြည်တွင်းပြည်ပ စိတ်ဝင်စားဖွယ်ရာ သတင်းများ၊ နိုင်ငံတကာပညာရေး မိတ်ဆက်၊ နယ်စပ်နှင့် ကုန်စည်ဒိုင်ဈေးနှုန်း သတင်းများ၊ အားလပ်ရက် အပန်းဖြေ အညွှန်းများ စသဖြင့် ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားကာ e-Empire Media House ဖုန်း–၇၀၃၈၁၃က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

**(က–ပ)**




# သန္တေတောထွက် ဓမ္မစက် နှုတ်မြွက်သံချို လဝါဆို

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

**"ညည်းစိုက်တဲ့ ကောက်သွယ်ငယ်**
**မှန်းဘယ်မျှကြီး၊**
**ဟောကြည့်စမ်းမွန်**
**တစ်နံ့ကို ဆယ်ပြည်ထွက်တယ်**
**ဖြိုးအက်လို့သီး"။ ။**

(ကောက်စိုက်သမတေးသံ)

ကောက်စိုက်သမတေးသံများကို မြန်မာ့လယ်မြေ၏ ရိုးစင်းသော တေးကဗျာများအဖြစ် ခေတ်အဆက်ဆက် သီဆိုလာခဲ့ကြသည်။

ဝါဆိုလသည် ဘာသာရေးအရ အရေးပါသောလ ဖြစ်သကဲ့သို့ လယ်ယာစိုက်ပျိုးရေးအတွက် အင်နှင့်အားနှင့် အရှိန်ယူလုပ်ကိုင်ရသောလ ဖြစ်ပေသည်။

ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်ဆိုသကဲ့သို့ ဝါဆိုလ၌ မြစ်ချောင်း၊ အင်းအိုင်တို့ ရေပြည့်သောကာလ ဖြစ်သည်။ ပုန်းညက်ပန်းများ ပွင့်သောလဖြစ်သည်။ ထို့ပြင် တောတောင် အရပ်ရပ်၌ တောပန်းအရိုင်းကလေးများသည်လည်း အပြိုင်အဆိုင် ပွင့်ကြသည်။ ဘုရားရှင်အား ကပ်လှူရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဝါဆိုပန်းခူးထွက်ကြသော ကာလလည်း ဖြစ်ပေသည်။ ဝါဆိုလ၏ မွှေးရနံ့ကို မဟာအတုလ မင်းကြီးက-

**"ရေလျှံတဲ့ ဝါဆိုမှာ**
**ပုန်းညက်ညို မာလာမင်းက**
**သင်းလှတယ်လေး"။ ။**

ဟု ဖွဲ့ဆိုခဲ့ပေသည်။ ထို့ပြင် ဝါဆိုလသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တွင်ကျယ်သောလ ဖြစ်သည်။ စပါးပင်များ ရှင်သန်အားကောင်းသည့် အချိန်ဖြစ်၍ ယင်းတို့ကို ပျိုးနုတ်ပြီး စနစ်တကျ ပြန်လည်ကောက်စိုက်သောအချိန်ကာလဖြစ်သည်။ ဝါဆိုလ၌ မြန်မာ့လယ်ယာမြေတစ်ခွင်လုံး ကောက်စိုက်သမတို့၏ တေးသံဖြင့် ဝေစည်လျက်ရှိနေပေသည်။

**"ဝါဆိုလပြောင်း မိကျောင်းဖွေးဖွေး၊ မိုးအေးအေး"** ဟု အဆိုရှိသည်။

**"သန္တေတောထွက် ဓမ္မစက် ဟောမြွက်ခါကို လဝါဆို"**

ဟူသော အဆိုနှင့်အညီ ဗုဒ္ဓဘာသာဝင်တို့အတွက် ဝါဆိုလသည် ထူးခြားသောလ ဖြစ်သည်။ ဗုဒ္ဓဘုရားရှင် ပဋိသန္ဓေတည်နေသောလ၊ လောကီလူမှုကိစ္စများမှ ကင်းဝေးရာအဖြစ် တောထွက်၍ တရားရှာသောလ၊ ပဉ္စဝဂ္ဂီငါးဦးအား တရားထူးဖြစ်သော ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူသောလသည် ဝါဆိုလပင် ဖြစ်သည်။

ဤဝါဆိုလ၌ ဗုဒ္ဓ၏ တပည့်သံဃာတော်များသည် မိမိတို့သီတင်းသုံးရာ ကျောင်းသင်ခန်း၌ ဝါကပ်မီသော အလေ့နှင့် ဝါဆိုလပြည့်နေ့မှသည် သီတင်းကျွတ်လပြည့်နေ့အထိ သုံးလတိုင်တိုင် တစ်နေရာတည်း၌ သီတင်းသုံးကြရသည်။ ယင်းသို့ တစ်ကျောင်းတည်း၌ သီတင်းသုံးသည်ကို ဝါဆိုသည်၊ ဝါကပ်သည်ဟု ခေါ်ကြသည်။ လူပုဂ္ဂိုလ်တို့ကလည်း ရဟန်းတော်များအား ဝါတွင်းကာလ၌ ဝတ်ရုံရန် သင်္ကန်းများကပ်လှူကြရာ ယခုအခါ ဝါဆိုသင်္ကန်းကပ်လှူပွဲအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ကျင်းပနေကြပေသည်။

**"သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်**
**သောင်းခွင်စကြာဝဠာ၊**
**နတ်ဗြဟ္မာတို့၊ ညီညာရုံးစု**
**တောင်းပန်မှုကြောင့်၊ ရတုနဂို**
**ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်**
**ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ**
**သန္ဓေယူသည်**
**နတ်လူငြိမ်းဖို့ ကိန်းပါကို"။ ။**

(လယ်တီဆရာတော်)

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ စုံဆယ်ဖြာ လက်အုပ်မိုး၍ ရှိခိုးပူဇော်ကြသော သုံးလောကထွတ်ထား သဗ္ဗညု ရှင်တော်ဘုရား၏ ဘဝဖြစ်တော်စဉ်နှင့် ဤဝါဆိုလမှာ ဆက်စပ်လျက်ရှိသည်။

ဤနေ့သည် ဗဟိုအချက်အချာဖြစ်သော (မဇ္ဈိမ ပဋိပဒါ)လမ်းကြောင်း စတင်ဖောက်လုပ်ခဲ့သော နှစ်ပေါင်း ၂၅၉၅ နှစ်ပြည့်မြောက်သည့် နေ့ထူးရက်မြတ်ဖြစ်ပေသည်။

ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ရက်ပေါင်း ခြောက်ဆယ်အကြာ မဟာသက္ကရာဇ်၁၀၃ ခုနှစ် (၅၂၈ဘီစီ)၊ ဝါဆိုလပြည့် စနေနေ့ ညနေခင်း နေဝင်ဆည်းဆာအချိန်တွင် ဗာရာဏသီ မိဂဒါဝုန်အရပ်၌ ဓမ္မစကြာတရားတော်ကို စတင် ဟောကြားတော်မူခဲ့လေသည်။

မဟာသက္ကရာဇ် ၉၇ ခုနှစ်မတိုင်မီ သိဒ္ဓတ္ထကုမာရသည် ဥယျာဉ်တော်သို့ ထွက်ကြွရာ၌ သူအို၊ သူနာ၊ သူသေ၊ ရဟန်းအသွင် သူတော်စင်တို့ကို လေးလတစ်ကြိမ် တွေ့မြင်သိရှိပြီး တရားသံဝေဂ ရခဲ့သည်။

ထို့ကြောင့် နိက္ခမပါရမီတော် တောထွက်ခြင်းအမှုကို ပြုလေသည်။ ထိုနေ့ကား ဝါဆိုလပြည့် တနင်္လာနေ့ပင်တည်း။

ဗုဒ္ဓဘုရားရှင်သည် သူသူငါငါ သတ္တဝါခပ်သိမ်းတို့ ကောင်းကျိုးအတွက် ရည်စူးလျက် ဤလမ်းကြောင်းကို ဟောကြားညွှန်ပြခြင်း ဖြစ်ပေသည်။

ဤလမ်းကြောင်းကို မဇ္ဈိမပဋိပဒါဟု အမည်နာမ ခေါ်တွင်စေခြင်းမှာ အဓိပ္ပာယ်ပြည့်ဝပြီး အလွန်လည်း လေးနက်လှသည်။ လမ်းစမရှိသောခရီး၌ သွားနေခြင်းသည် အချည်းနှီးသာတည်း။ အကျိုးမရှိနိုင်။ ဆင်ကန်းတောတိုးသလို အကျိုးမရှိ ဖြစ်နေပေမည်။

ဗုဒ္ဓသည် သတ္တလောက၏ဖြစ်အင်ကို ဤအတိုင်း မြင်လာ၍ သတ္တဝါတို့အပေါ်၌ သနားခြင်းကရုဏာ ပြင်းစွာ ဖြစ်လာသည်။ ဆင်းရဲဒုက္ခတွင်းမှ ကယ်တင်ရန် လမ်းကြောင်းပေးနိုင်မည့် တစ်ခုသောလမ်းကောင်းကို ရှာဖွေလေသောအခါ...

(၁) **"ကိလေသာ ထူပြွမ်းသော ခရီးကြမ်းတောအုပ်ကြီးအတွင်း ဖြတ်သန်းသွားရသော လမ်းကြောင်းက တစ်ခု"**

(၂) **"ဘဝလွတ်မြောက်ရေးကို ရှေးရှုကြလျက် ရှေးဟောင်းယောဂီကြီးတို့ ကျင့်ကြံခဲ့ကြသည့် ပြင်းပြင်းထန်ထန် ခန္ဓာကိုယ်ကို ညှဉ်းပန်းလျက် ရှန်းကန်နေကြသော ထွက်ပေါက်က တစ်သွယ်"**

ဤလမ်းနှစ်သွယ်ကို ရှေးဦးစွာ တွေ့ရှိလာသည်။ ဤလမ်းစဉ်အားဖြင့် အကျိုးရှိနိုင်၊ မရှိနိုင်ကို သုံးသပ်ကြည့်တော်မူသည်။ နှစ်ခုသောလမ်းကြောင်း၏ အနုအကြမ်းကိုလည်းကောင်း၊ အဆိုးအကောင်းကိုလည်းကောင်း၊ အကျိုးအကြောင်းကို လည်းကောင်း၊ အတိမ်အနက်ကိုလည်းကောင်း စိစစ်ကြည့်သောအခါ အပြစ်အနာအဆာများကို တွေ့မြင်လာလေသည်။

**"ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်**
**ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း**
**သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်**
**ဘုန်းသစ်လျှံလူ၊ စံတော်မူ၍**
**ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်**
**လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်**
**ရွှေစိတ်ငြင်ငြို၊ သံဝေပိုက**
**ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်**
**ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်**
**စုံမြိုင်ပင်ရိပ် ခန်းမှာကို"။ ။**

(လယ်တီဆရာတော်)

ဘုရားအလောင်း သိဒ္ဓတ္ထကုမာရသည် အနော်မာမြစ်တစ်ဖက်ကမ်းသို့အရောက် ဆံတော်ကိုပယ်ကာ ရဟန်းပြုတော်မူသည်။ ထို့နောက် ဥရုဝေလတောသို့ ကြွ၍ ခြောက်နှစ်ကာလပတ်လုံး သူမတူအောင် ခက်ခဲလှသော ဒုက္ကရစရိယာကို ဖြည့်ကျင့် ဆည်းပူးတော်မူသည်။ ယင်းအကျင့်ဖြင့် လမ်းမှန်သို့မရောက်နိုင်မှန်း သိသောအခါ မဇ္ဈိမပဋိပဒါလမ်းစဉ်သို့ ပြောင်းရွှေ့ကျင့်သုံး လုံ့လပြုတော်မူသောကြောင့် မဟာသက္ကရာဇ်၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် သုံးလောကအထွတ် တမွတ်မှန်ကူ သယမ္ဘူအဖြစ်သို့ ရောက်တော်မူသည်။

ပထမလမ်းမှာ ပျော့လွန်း လျော့လွန်းသောလမ်းဖြစ်သည်။ ငါးပါးအာရုံ ကာမဂုဏ်၌ ပျော်မွေ့ပြီး စွမ်းအားကို လျော့ပါးဆုတ်နစ်စေသည့်လမ်းသာ ဖြစ်နေသည်။ ဤလမ်းစဉ်ကို လိုက်ခြင်းဖြင့် ခရီးမတွင်ကျယ်နိုင်၊ လိုအပ်သော ပန်းတိုင်သို့ ရောက်နိုင်မည်မဟုတ်။ အကောက်တစ်ထောင် ဝင်္ကပါတောင်ကြီးအလား အကွေ့အကောက် အတွန့်အလိန်တွေကလည်း များလွန်းလှပါသည်။ ခရုပတ်လမ်းကြောင်းကြီးဖြစ်သောကြောင့် "ပေးကားပေး၏ မရ" ဆိုသကဲ့သို့ "သွားကားသွား၏ မရောက်နိုင်" ဖြစ်နေမည်။

ထို့ကြောင့် ဤလမ်းကား အစွန်းထွက်နေသော၊ ကျော်လွန်နေသော (အန္တ)လမ်းကြောင်း စင်စစ်ဖြစ်၍ မသွားသင့်၊ မသွားထိုက်ပေ။ ဒုက္ခအပေါင်းမှ လွတ်မြောက်ကြောင်း လမ်းကောင်းမဟုတ်ချေ။

ဒုတိယလမ်းမှာလည်း လွန်စွာကြမ်းတမ်း ခက်တရော်လှသည့် လမ်းကြမ်းကြီး ဖြစ်နေပြန်၏။ ရှေးယောဂီတို့ကျင့်ရိုးတွင် ကိလေသာစင်ကြယ်အောင် ရေးမိုးချိုးမှုပြုကြသည်။ ကိလေသာခန်းခြောက်အောင် ကြက်၊ ဝက်ကင်သကဲ့သို့ ကိုယ်ခန္ဓာကို မီးကင်နေကြမိသည်။ ကိလေသာလျှော့ကျအန်ထွက်စေခြင်းငှာ တုံးကိုခုန်ကြ၊ လှားကြသည်။ ဤကျင့်စဉ်ကား ခန္ဓာကိုယ်ကို ညှဉ်းပန်းနေခြင်းသာ ဖြစ်ချေ၏။ အဘယ်မျှပင် အားထုတ်စေကာမူ ဤလမ်းစဉ်ဖြင့် တစ်စုံတစ်ခုသောအကျိုး ဖြစ်ပေါ်လာဖွယ် မရှိ။ ကောင်းသောလမ်းမဟုတ်၍ ဤလမ်းစဉ်သို့လည်း မလိုက်ထိုက်၊ မသွားထိုက်။

ဗုဒ္ဓသည် ထိုလမ်းနှစ်သွယ်၏ အပြစ်တို့ကို ဤသို့လျှင် သိမြင်တော်မူပြီးနောက် တင်းလည်းမတင်းလွန်း၊ လျော့လည်း မလျော့လွန်းသော (မလျော့-မတင်း) အလယ်အလတ်တန်း (မဇ္ဈိမပဋိပဒါ)လမ်းကြောင်းတစ်ခုကို ရှာကြံတွေ့ရှိရလေ၏။ ဤလမ်းကြောင်းသည်သာလျှင် သတ္တဝါတို့အား အမြင်မှန်ကို ပေးစွမ်းနိုင်သည်။ အသိဉာဏ်ကို ပေးနိုင်သော လမ်းကြောင်းဖြစ်သည်။ ကိလေသာပူပန်မှုကို ငြိမ်းစေခြင်းငှာလည်းကောင်း၊ ခွဲခွဲခြားခြား အသိတရားပွားစေခြင်းငှာလည်းကောင်း စင်စစ် အကျိုးပြုနိုင်ပေသည်။ ဤလမ်းကြောင်းသည်သာလျှင် သတ္တဝါတို့နှင့် အသင့်လျော်ဆုံး၊ အကောင်းဆုံးသောလမ်းဖြစ်သည်ဟု မြင်လာသည်။

**"ဘုရားဖြစ်ခါ၊ မိဂဒါသို့**
**စကြာရွှေဖွား၊ ဖြန့်ချိသွား၍**
**ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်**
**မဟီတစ်သောင်း၊ တိုက်အပေါင်းမှ**
**ခညောင်းကပ်လှာ၊ နတ်ဗြဟ္မာအား**
**ဝါဆိုလပြည့်၊ စနေနေ့ဝယ်**
**ကြွေ့ကြွေ့လျံတက်၊ ဓမ္မစက်ကို**
**မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်**
**တရားနတ်စည် ရွှမ်းတယ်ကို"။ ။**

(လယ်တီဆရာတော်)

ဇောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော်မူပြီး၍ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အဖြစ်သို့ ရောက်တော်မူသောအခါ သုံးလောကရှိ ဝေနေယျသတ္တဝါအများကို မြတ်တရားပြ ချေချွတ်ရန် ကြံရွယ်တော်မူသည်။ ထို့ကြောင့် မိဂဒါဝုန် သားမျိုးစုံသော ရဂုံတောသို့ကြွကာ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိအမည်ရှိ ပဉ္စဝဂ္ဂီငါးဦးတို့အား **"ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ"** အစဖြာသော ဗုဒ္ဓ၏ဝါဒ အမြိုက်တရား ဓမ္မစကြာဒေသနာကို ဟောတော်မူလေသည်။

ထိုနေ့ကား မဟာသက္ကရာဇ်၁၀၃ ခုနှစ် ဝါဆိုလပြည့် စနေနေ့ ညဉ့်ဦးယံအချိန် ဖြစ်သည်။

ဗုဒ္ဓသည် ပဉ္စဝဂ္ဂီရဟန်းတို့အား **"ဘိက္ခဝေ"**ဟု ခေါ်တော်မူပြီးလျှင်-

**"အို ချစ်သားတို့... ကိလေသာ တင်းကျမ်းပြည့်ရှိနေသော 'ကာမသုခလ္လိကာနုယောဂ' လမ်းပျော့နှင့် ခန္ဓာကိုယ်ကို ညှဉ်းပန်းသည့် 'အတ္တကိလမထာ နုယောဂ' လမ်းကြမ်း။ ဤလမ်းကြောင်းနှစ်ခုတို့သို့ သင်တို့ မချဉ်းကပ်ကြလေကုန်လင့်၊ အလုပ်ကျွေးမပြုကြလေကုန်လင့်။ ထိုလမ်းများကား သင်တို့လိုလားနေသော လွတ်မြောက်မှုကို မပေးစွမ်းနိုင်"**

**"အိုချစ်သားတို့...ငါသည် မလျော့လွန်း၊ မတင်းလွန်း ဗဟိုချက်ချာ 'မဇ္ဈိမပဋိပဒါ'လမ်းကြောင်းတစ်ခုကို တွေ့ရှိထားပေပြီ။ ထိုလမ်းကား အမှန်တရားကို သိမြင်စေတတ်သော မျက်လုံးကိုလည်း ပေးပေ၏။ ဉာဏ်ကိုလည်း ပေးပေ၏။ ကိလေသာ အပူငြိမ်းအေးမှုအတွက်လည်းကောင်း၊ နိဗ္ဗာန်သို့ ထုတ်ချင်းပေါက်ရောက်မှုအတွက်လည်းကောင်း ကောင်းမွန်ထိရောက်စွာ အကျိုးပြုစွမ်းနိုင်သော လမ်းကောင်းလမ်းမှန်ပေတည်း"**

ဟူ၍ ဟောကြားတော်မူလေသည်။

လမ်းကြမ်းလမ်းနု ဤနှစ်ခုကိုပယ်စေ၍ ဗုဒ္ဓမြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား **'မဇ္ဈိမပဋိပဒါ'**လမ်းသို့ လိုက်ကြရန် တိုက်တွန်းနှိုးဆော်တော်မူပြီးလျှင် ထိုလမ်းစဉ်ကိုချ၍ ပြတော်မူ၏။

ထိုလမ်းကြောင်း မဇ္ဈိမပဋိပဒါကျင့်စဉ်ဟူသည်-

၁။ စစ်မှန်သောအမြင် (သမ္မာဒိဋ္ဌိ)
၂။ ရင့်ကျက်သောအတွေးအခေါ် (သမ္မာသင်္ကပ္ပ)
၃။ ကောင်းစွာဆိုအပ်သောစကား (သမ္မာဝါစာ)
၄။ ကောင်းစွာလုပ်ကိုင်အပ်သောအလုပ် (သမ္မာ ကမ္မန္တ)
၅။ စင်ကြယ်သော အသက်မွေးဝမ်းကျောင်း (သမ္မာအာဇီဝ)
၆။ တက်တက်ကြွကြွ ကြိုးပမ်းအားထုတ်မှု (သမ္မာဝါယမ)
၇။ မမေ့မလျော့ သတိအမြဲထားရှိမှု (သမ္မာသတိ)
၈။ တည်ကြည်ကြံ့ခိုင်သော စိတ်ဓာတ် (သမ္မာသမာဓိ)

ဤရှစ်ပါးသည် မဇ္ဈိမပဋိပဒါလမ်းစဉ်၏ အမှတ်လက္ခဏာ အင်္ဂါရပ်များ ဖြစ်ပေသည်။ ယင်းတို့ကား 'မဂ္ဂင်ရှစ်ပါး'ပင်တည်း။

ဗုဒ္ဓသည် ဤမဇ္ဈိမပဋိပဒါလမ်းကြောင်းကို ဖောက်လုပ်ပေးလျက် သတ္တဝါတို့အား နိဗ္ဗာန်သို့ ထုတ်ချင်းပေါက် လျှောက်သွားစေခဲ့၏။ နိဗ္ဗာန်သို့ မရောက်သည့်တိုင်အောင် ထိုလမ်းစဉ်ကိုကျင့်ခြင်းအားဖြင့် ယုတ်စွအဆုံး လူတော်လူကောင်းတစ်ယောက်အဖြစ် မားမားမတ်မတ် ရပ်တည်လာနိုင်ပေသည်။ ဒုစရိုက်တံခါးပိတ်၍ သုစရိုက်တံခါး ဟာလာဟင်းလင်းကြီး ပွင့်နေပေလိမ့်မည်။

ဤသို့အားဖြင့် ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓ၏ အဆုံးအမ ဩဝါဒတော်ကို လိုက်နာကျင့်ကြံကြသည့် ကလျာဏအပေါင်းသူတော်ကောင်းတို့အတွက် နေ့ထူးနေ့မြတ်အဖြစ်သို့ ဆိုက်ရောက်ခဲ့ရသည်။ ဤနေ့တွင် ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားကျောင်းကန် စသည့် သာသနိကအဆောက်အအုံများသို့ သွားရောက်ကာ သံသရာဝဲဩဃမှ လွတ်ကင်းရေးအတွက် ကောင်းမှုကုသိုလ်အစုစုကို ပြုလေ့ရှိကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## စုပေါင်းသစ်ပင်စိုက်

ဇူလိုင် ၁၁ ရက်က ကမာရွတ်မြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းတွင်နှင့် ကျောင်းဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်မြမြဝင်းနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း သစ်ပင်စိုက်ပျိုးကြစဉ်။ (က-ပ)

တိုက် ၂၃၀ အခန်း ၈ ရန်ကင်းမြို့နယ်နေ ဦးဌေးအောင်ဖေ-ဒေါ်တင်တင်လတ် မိသားစုက ဗြဟ္မဝိဟာရစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေကျပ်တစ်သိန်း၊ ဆေးပဒေသာပင်အတွက် အလှူငွေ ကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် နှစ်သိန်းကို လာရောက်လှူဒါန်းရာတွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ(ဒေါ်ရွှေစီးကွက်)နှင့် အလုပ်အမှုဆောင် ဒေါ်ဌေးဌေးနိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇွန် ၂၈ ရက်က ပေါင်းတည်မြို့နယ် ဘုရားငါးဆူကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်စိုးက မှတ်တိုင်အုပ်စု၊ မြောက်ကုန်းကြီးအုပ်စုနှင့် ဘုရားငါးဆူအုပ်စုများမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဘုရားငါးဆူကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသန်းအောင်သို့ စုပေါင်းပေးအပ်စဉ်။ (ဝ၆၄)

## မြန်မာအမျိုးသမီးများနေ့အခမ်းအနား သီပေါ၌ကျင်းပ

**သီပေါ ဇူလိုင် ၁၀**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက သီပေါမြို့ မြို့တော်ခန်းမ၌ကျင်းပရာ သဘာပတိ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ကြင်ရီ၊ သီပေါမြို့နယ်ဥက္ကဋ္ဌဦးမျိုးအောင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်မိ **(အောက်ယာပုံ)** တို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့လူမှောင်ခိုနှင့်အကြမ်းဖက်မှုမှ ကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်ငွေငွေရှိန်က အမျိုးသမီးများနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ချယ်ရီလွင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေး အတွေ့အကြုံများကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်သန်းဝင်းက အမျိုးသမီးများနှင့် သက်ဆိုင်သော ဓလေ့ထုံးတမ်း ဥပဒေများ၊ အဖွဲ့ဝင် ဒေါ်နန်းအုန်းကြည်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို အသီးသီး ရှင်းလင်း ဆွေးနွေးကြသည်။

**အမှာစကား**

ထို့နောက် သဘာပတိ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ကြင်ရီက နိဂုံးချုပ် အမှာစကား ပြောကြားသည်။ (၁၀၆)

## အမြို့မြို့ အနယ်နယ် သတင်းများ

## မြန်မာအမျိုးသမီးများနေ့ လှိုင်းဘွဲမြို့နယ်တွင် အခမ်းအနားကျင်းပ

**လှိုင်းဘွဲ ဇူလိုင် ၁၀**

လှိုင်းဘွဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီက လှိုင်းဘွဲမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်စံသာက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှမြင့်က အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများကို မြို့နယ်ဥပဒေအရာရှိ ဦးဘိုးရင်က မြန်မာအမျိုးသမီးများဆိုင်ရာ ကာကွယ်သည့် ဥပဒေများ ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နန်းသင်းအုံက အမျိုးသမီးရေးရာအဖွဲ့ ရန်ပုံငွေအဖြစ် ငွေကျပ် ၅၀၀၀၀ ကို မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှမြင့်ထံ ပေးအပ်ရာ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အသင်း အဖွဲ့များက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင် စိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇွန် ၃၀ ရက်က မအူပင်တက္ကသိုလ် ကြက်ခြေနီဆေးခန်းဖွင့်ပွဲအခမ်းအနားကို မအူပင်တက္ကသိုလ်ပထမထပ်၌ကျင်းပရာ ဒုတိယပါမောက္ခချုပ်ဦးစောဝင်းက ကြက်ခြေနီဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၄၂၁)

ခရမ်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကျောင်း အပ်နှံရေးနှင့်ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲကို ဇူလိုင်၂ရက်က ဗြဟ္မစိုရ်ခန်းမတွင် ကျင်းပရာ ပညာသင်ထောက်ပံ့ ငွေ များ ကို မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှမော်က ကျောင်းသူကျောင်းသားများသို့ ပေးအပ်စဉ်။ (၂၈၃)

## ကလေးမြို့နယ်၌ သစ်ပင်စိုက်ပွဲတော်ကျင်းပ

**ကလေး ဇူလိုင် ၈**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း ကလေးမြို့နယ် သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၃ ရက်က ကလေးမြို့ ကလေးဝ ကားလမ်းဘေး ဝဲယာ ဖောင်းကူး တံတားအနီးအတွင် ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ခရိုင်အမျိုးသမီးရေးရာနာယက ဒေါ်ထားအိလှိုင်တို့က သစ်ပင်စတင်စိုက်ပျိုး၍ ဖွင့်လှစ်ပေးပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်၊ အတွင်းရေးမှူး ဗိုလ်မှူးတင်မောင်ချိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ တပ်မတော်သားများနှင့် မိသားစုများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များနှင့် အသင်းဝင်များ၊ ဒေသ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက စွယ်တော်၊ ပိတောက်၊ စိန်ပန်းကြီး၊ ငု၊ ချယ်ရီ၊ စက္ကူပန်းနှင့် စိန်ပန်းကလေးများကို စုပေါင်းစိုက်ပျိုးကြသည်။ **(ဝဲပုံ)**

**(ခရိုင်ပြန်/ဆက်)**

## မြန်မာ့အသံ

**၂၀-၇-၂၀၀၄(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်
(ဦးဉတ္တမသာရဆရာတော်ကြီး၏ အာဋာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ
(စက်မှုစွမ်းပကား မြင့်မားမှုရရှိလာသောအလုပ်ကုန်များအကြောင်း)
၁၁း၃၀ မြန်မာ့မူဟန်ဇာတ်မာန်ဟောပြောချက်
(အတ္ထုပ္ပတ္တိစာပေနှင့် ဇာတ်မာန်-ညွှန့်ဟံ-ကြူတော)
၁၂း၀၀ သူ့အတွေးနှင့်သူ့အရေး
(အမိုက်-ထန်လိုင်)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ
(မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူးရှင်)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ
(အဝတ်အထည်သမိုင်းဦး)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ်
(ပဥ္စမတန်း-ရသပညာ)

**ညနေပိုင်း**

၁၆း၂၀ ကျေးလက်ဇာတ်လမ်း
(သူစိမ်းပေမယ့်)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၀ ကမ္ဘာ့ဂီတ
၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
(အားကစားအသိပညာပေးခြင်းဆိုင်ရာလုပ်ငန်းများ-ဦးဉာဏ်ထွန်း-ညွှန်မှူး-အား/ကာ)
၁၇း၅၀ သောတရှင်အတွက်ပြန်ကြားချက်
၁၉း၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ
(ဆေးဖက်ဝင် မန်ကျည်းပင်)
၂၀း၃၀ ကလေးအစီအစဉ်အကြောင်း သိကောင်းစရာ

## မူလတန်းလွန်ကျောင်းအဆင့် ရေနံချောင်း၌ တိုးမြှင့်ဖွင့်လှစ်

**ရေနံချောင်း ဇူလိုင် ၃**

မကွေးခရိုင် ရေနံချောင်းမြို့ ကျမ်းကိုင်ကျွန်း ကျေးရွာအုပ်စု၊ ကံသာကျွန်းရွာ၊ အမှတ်(၁၁၆) အခြေခံပညာမူလတန်းကျောင်း ၂၀၀၄-၂၀၀၅ ပညာသင်နှစ်၊ အခြေခံပညာမူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ကျောင်းဆောင်သစ်ပေးအပ်ပွဲ အခမ်းအနားကိုဇွန် ၂၈ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ၊ ဦးအင်းကြူ၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဌေးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးတင်လတ်တို့က မူလတန်းလွန်ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားကြသည်။ **(၃၈၃)**

ဇွန် ၂၈ ရက်က ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးတင်မောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မြတ်ဦးနှင့် ဝန်ထမ်းများ မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းတူးဖော်ဆောင်ရွက်ကြစဉ်။ (က-ပ)

ကျောက်ကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့အဝင်အထွက် ကားလမ်းဘေးဝဲယာ လမ်းတစ်လျှောက်တွင် အလှပန်းပင်မျိုးစုံစုပေါင်းစိုက်ပျိုးရာ မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းသိုက်တို့ ကြီးကြပ်စိုက်ပျိုးပေးကြစဉ်။ (၂၆၅)

## နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ အင်တောမြို့၌ ဖွင့်

**အင်တော ဇူလိုင် ၅**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အဖြစ် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို ဇွန် ၂၆ရက်က အင်တောမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးနိုင်ဝင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုးချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဦးစီးမှူး ဦးဘိုးချိုက ပြကွက်များနှင့်ဓာတ်ပုံပြပွဲအကြောင်း ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရွှေလင်းပင် ဘုန်းတော်ကြီးသင် မူလတန်းကျောင်းဖွင့် စေတနာရှင်များ စာအုပ်များလှူဒါန်း

မင်းဘူး(စကု) ဇူလိုင် ၁၀

**မင်းဘူး(စကု)မြို့နယ် လက်ခုပ်ပင်ကျေးရွာအုပ်စု သမထီးရွာ ရွှေလင်းပင် ကျောင်းတိုက်တွင် ၁၁ ကျောင်းမြောက် ရွှေလင်းပင်ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်း ဖွင့်ပွဲကို ဇူလိုင် ၃ရက်က အဆိုပါကျောင်းတွင် ကျင်းပသည်။**

ရွှေလင်းပင် ဘုန်းတော်ကြီးသင် ပညာရေး မူလတန်းကျောင်းဖွင့်ပွဲ အခမ်းအနားတွင် ဘဒ္ဒန္တ သုနန္ဒက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဥတ္တရ၊ အတွင်းရေးမှူး ဆရာတော် ဘဒ္ဒန္တခမာစာရ၊ မြို့နယ် သာသနာရေးဦးစီးအရာရှိ ဦးကျော်နိုင်၊ အမှတ်(၃)ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်သိန်း တို့က သြဝါဒစကား ပြောကြားပြီး မြို့နယ်သာသနာရေးဦးစီးအရာရှိက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဗလာစာအုပ် ၁၁ဒါဇင်၊ ဘောပင် သုံးဒါဇင်၊ ခဲတံ ခုနစ်ဒါဇင်၊ ဘာသာရပ်ပြဋ္ဌာန်းစာအုပ် ၂၁စုံတို့ကို ရွှေလင်းပင်ကျောင်း ဆရာတော် အရှင်သုမနနှင့်အရှင်ဇဋိလတို့ ထံဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

အဆိုပါ ရွှေလင်းပင် ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်းတွင် မူလတန်းကျောင်းသား၂၆ ဦး၊ ကျောင်းသူ ၃၁ ဦးတို့ တက်ရောက်ပညာသင်ကြားနိုင်ရန် ဆောင်ရွက်ပြီး ဆရာတော် အရှင်သုမနနှင့် အရှင်ဇဋိလ၊ ဒေါ်ခင်ဝင်း(ပညာရေး-ငြိမ်း) တို့က ဦးစီးသင်ကြား ပြသကြမည်ဖြစ်ကြောင်း သိရသည်။ **(၃၄၈)**

## စာရင်းစစ်ကြေး စုပေါင်းပေးအပ်

**ညောင်ဦး ဇွန် ၂၉**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးဆောင်၍ ဇွန် ၂၈ရက် နံနက်က ညောင်ဦးမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် ၂၀၀၄-၂၀၀၅ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် စာရင်းစစ်ကြေးများ စုပေါင်းပေးအပ်ပွဲကို မြို့နယ် ဦးစီးမှူးရုံး အနော်ရထာခန်းမ၌ကျင်းပရာ သမဝါယမအသင်းများကပေးသွင်းသည့် အခွန်ငွေ ၁၁၇၅၅၉ ကျပ်ကို အသင်းများ၏ ကိုယ်စား မြို့မအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးစိုးမြင့်ကလည်းကောင်း၊ စာရင်းစစ်ကြေးငွေ ၂၁၅၇၁၇ကျပ်ကို ညောင်ဦးမြို့နယ် ဂျီအီးစီ(ပညာရေး) သမဝါယမအသင်းလီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဦးဗိုလ်ဌေးဝင်းကလည်းကောင်း အသီးသီးပေးအပ်ကြသည်။ **(၃၀၀)**

**မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးရဲမြင့်ထွန်းတို့ ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်း၍ ဇူလိုင် ၈ရက်က မိုးမောက်မြို့နယ်စည်ပင်သာယာဈေးအတွင်း သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

## ကြီးကြပ်ဆောင်ရွက်

**ဇွန် ၆ ရက်က မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်း၊ မြောက်ဦးမြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိဦးအေးဝင်းနိုင်နှင့်အဖွဲ့က ကတ္တရာလမ်းခင်းမှုကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

## အမျိုးသမီးဘောလုံးပြိုင်ပွဲ ဂန့်ဂေါ၌ ဆုပေးပွဲကျင်းပ

**ဂန့်ဂေါ ဇူလိုင် ၅**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင်၃ဝရက်က ဂန့်ဂေါမြို့ အားကစားကွင်း၌ စည်ပင်သာယာ ရပ်ကွက်အသင်းနှင့် ရှုံးရှီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှုံးရှီးကျေးရွာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲရာ ဆုများကို ဂန့်ဂေါခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ခရိုင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးလှဆွေနှင့် တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။ **(၄၆၅)**

## အမြို့မြို့၊ အနယ်နယ် သတင်းများ

## သန့်ရှင်းရေး ဆောင်ရွက်

**ဇူလိုင် ၄ရက်က ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် ဝန်ထမ်းများ လက်ဝဲသုန္ဒရလမ်းကို သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။** (မြို့နယ် စည်ပင်)

**ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် တာဝန်ခံအင်ဂျင်နီယာနှင့်အဖွဲ့ ကမ်းနားလမ်းတစ်လျှောက် လူသွားစင်္ကြံပြုလုပ်မှုကို အမှုဆောင်အရာရှိ ဦးသန်းဦး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။**

(မြို့နယ် စည်ပင်)

## e- Education Learning Centre

## သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

## မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

**၂၀-၇-၂၀၀၄ (အင်္ဂါနေ့)**

❑ Teaching Listening Skills
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

❑ Developing Reading Skills
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

❑ Developing Writing Skills
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

**၂၁-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

❑ Integrated Skills
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

❑ Developing Speaking Skills
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

**၂၂-၇-၂၀၀၄ (ကြာသပတေးနေ့)**

❑ Talking About Families
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

❑ Asking for and Giving Direction
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

❑ Describing Places
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

❑ Expressing Likes and Dislikes
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

❑ Talking About Past Habits
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

❑ Making Offers and Request I+II
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

**၂၃-၇-၂၀၀၄ (သောကြာနေ့)**

❑ English for Effective Presentation
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

❑ English for Effective Presentation
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

**နံနက် ၉နာရီမှ ညနေ ၄နာရီထိ**

**၂၄-၇-၂၀၀၄ (စနေနေ့)**

❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

**၂၅-၇-၂၀၀၄ (တနင်္ဂနွေနေ့)**

❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

## အများသိစေရန်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ် ၅၂၊ အပေါ်ဆုံးထပ်(လေးလွှာမြောက်ဘက်)၊ ခေါင်းရင်းခန်းအား ဒေါ်ခင်မေဝင်း ၁၂/မဂတ(နိုင်) ၀၅၅၇၈၄ထံမှ ကျွန်ုပ်မိတ်ဆွေက အပြောက်စနစ်ဖြင့်ဝယ်ယူရန် ငွေတချို့တစ်ဝက်ပေးချေထားပြီးဖြစ်ရာ အဆိုပါအခန်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးသောင်းထွန်း(တရားရုံးချုပ်ရှေ့နေ) အမှတ် ၁၇၄၊ အပေါ်ထပ်၊၄၉လမ်း၊ ၁၀ရပ်ကွက်၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့. ဖုန်း-၂၉၁၀၉၈၊ ၀၉-၅၀-၁၂၉၂၄။**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံး ကိုဥပဒေ အမိန့်၅၊ နည်း၂၀)
## မန္တလေးတိုင်းတရားရုံးတော်၌
## ၂၀၀၄ခုနှစ် တရားမကြီးမှု အမှတ် -၂၀၈

ဒေါ်ခင်မျိုးလတ် နှင့် ဦးသိန်းဦးပါ-၂

**တရားလို** **တရားပြိုင်**

ဦးသိန်းဦး၊ အမှတ်၉၀၂၊ သီတာအေးရပ်၊ ပိတောက်လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ခင်မျိုးလတ်က ချေးငွေရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ (၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ရက်) နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ၊ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင် မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ်၊ ဇူလိုင်လ ၈ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ဝင်းမြင့်**
**တွဲဖက်တိုင်းတရားသူကြီး (၈)**
**မန္တလေးတိုင်းတရားရုံး။**



## အမည်ပြောင်း

မြိတ်မြို့ အထက(၃)VII(A)မှ ဒေါ်ပို့တင်၏သား မောင်သန်းထိုက်ဇော် ၆/မမန(ဧည့်) ၀၀၀၂၁၈ အား မောင်မြင့်မြတ်ကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မြင့်မြတ်ကို။**

## အမည်ပြောင်း

အဖ ဦးအောင်ကျော်သန်း၏သား အထက(၁)လသာ အဋ္ဌမတန်း(C)မှ မောင်ချစ်ဖြိုးကျော်အား ယနေ့မှစ၍ မောင်ချစ်ဖြိုးနိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ချစ်ဖြိုးနိုင်။**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်နေလင်း ၇/ရကန(နိုင်) ၀၃၇၈၈၅ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးလှမြင့်ဦး ၇/ရကန(နိုင်)၀၁၅၉၅၆၊ ဒေါ်အေးမီခင် ၇/ရကန(နိုင်)၀၀၆၉၉၅။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ရပ်ကွက်အမှတ်(၈၁)၊ မြေကွက်အမှတ်(၁၀၇)၊ ၃ ရပ်ကွက်၊ ပေ-၅၀ လမ်း၊ အိမ်အမှတ်(၄၁)၊ မြေအကျယ် ၂၅ ပေ x ပေ ၅၀ မြေအမည်ပေါက် ဒေါ်သန်းညွန့်၏မြေပေါ်တွင် ကန်ထရိုက်စနစ်ဖြင့် တစ်ခြမ်းပေးတစ်ခြမ်းယူနှစ်ခန်းတွဲ(အာရ်စီ) ခြောက်ထပ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိခင်ဒေါ်သန်းညွန့် ၁၂/ကမရ(နိုင်)၀၀၆၃၈၅ မှ သားဖြစ်သူ ဦးအေးမင်း ၁၂/ကမရ(နိုင်)၀၀၆၃၈၄ သို့ (၁၄-၃-၂၀၀၂ ရက်စွဲပါ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်-၃၂၉၃ ဖြင့် အထူးကိုယ်စားလှယ်(ဂျီပီ) လွှဲအပ်ထားပြီးဖြစ်ပါသည်။ သို့ပါ၍ အကျိုးခံစားခွင့် အရပ်ရပ်တို့သည် မိခင်ဒေါ်သန်းညွန့်နှင့် သားသမီး(၄)ဦးဖြစ်သော ဒေါ်တင်တင်ဝင်း (AB-၀၃၅၁၇၆)၊ ဒေါ်ကြင်ဝမ်(AB-၀၂၈၂၅၇၊ ဦးအေးမင်း ၁၂/ကမရ(နိုင်)၀၀၆၃၈၄၊ ဒေါ်ခင်မြင့်မြင့်ရီ ၁၂/ကမရ(နိုင်) ၀၀၆၃၈၇ တို့သာလျှင် သက်ဆိုင်ပါသည်။

၎င်းအဆောက်အအုံနှင့်အခန်းများအား မိခင်ဒေါ်သန်းညွန့်နှင့် သားသမီး(၄)ဦးတို့၏ သဘောတူညီခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမပြုရန် တားမြစ်ပါသည်။ အကယ်၍ ဖောက်ဖျက်ကျူးလွန်မှုပြုလုပ်ခဲ့ပါက မြေရှင်နှင့် ကန်ထရိုက်တို့၏ (၁၀-၁-၂၀၀၁)ရက်နေ့ စာချုပ်ပါအပိုဒ်(၈)၊ (၉) အရ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဦးအေးမင်း**
**၁၂/ကမရ(နိုင်)၀၀၆၃၈၄**
**ဒေါ်သန်းညွန့်၏ အထူးကိုယ်စားလှယ်(ဂျီပီ)ရရှိသူ။**



## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## (အောက်မြန်မာပြည်)
## ရန်ကုန်အဝေးသင်တက္ကသိုလ်
# ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၃ပညာသင်နှစ်အတွက် ၂၀၀၃ခုနှစ်၊အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကျင်းပခဲ့သော ရန်ကုန်အဝေးသင်တက္ကသိုလ်(ဘွဲ့) စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် ရန်ကုန်၊ ဒဂုံ၊ ရန်ကုန်အရှေ့ပိုင်း၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေ၊ ပြည်၊ ထားဝယ်၊ တောင်ငူ၊ ဟသ်ာတ၊ ပဲခူး၊ ဘားအံ၊ မြိတ်ဌာနခွဲများမှ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက် ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို (၂ x ၁ခွဲ)လက်မအရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံအသစ်(၂)ပုံနှင့် မှတ်ပုံတင်မိတ္တူတို့ကို ပူးတွဲ၍(၃၁-၈-၂၀၀၄) ရက်နေ့ နောက်ဆုံးထားလျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက် ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) အဝေးရောက်ဘွဲ့ယူလိုသူ ပုဂ္ဂိုလ်များသည် အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့ဖြေဆိုအောင်မြင်ခဲ့သည့် ဌာနခွဲများတွင် အခမဲ့ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်ပြီး အဝေးသင်တက္ကသိုလ်သို့ ပေးသွင်းရန်ကျန်ရှိသော အခကြေးငွေများ ပြေလည်အောင် ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့် ဌာနခွဲတွင်ပေးသွင်းလျှောက်ထားရမည်။

၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာ ဌာနခွဲသို့ စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာ ရေးသား၍ လျှောက်လွှာရှင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖခင်အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာစသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၇။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်သော်လည်း မိမိတို့နှင့်သက်ဆိုင်ရာ ဌာနခွဲမှ တစ်ဆင့် စိစစ်ခြင်းမပြုလျှင်သော်လည်းကောင်း၊ ကျသင့်ငွေပေးသွင်းခြင်း မပြုလျှင်သော်လည်းကောင်း၊ အချိန်မီပေးပို့ခြင်း မပြုလျှင်သော်လည်းကောင်း၊ အခကြေးငွေများပေးသွင်းရန် ကျန်ရှိနေသေးလျှင်သော်လည်းကောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်က ဘွဲ့အပ်နှင်းပေးမည် မဟုတ်ပါ။

၈။ ၂၀၀၃ ပညာသင်နှစ် မတိုင်မီက ဘွဲ့စာမေးပွဲ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက် ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**တင်တင်ဝင်း**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**ရန်ကုန်အဝေးသင်တက္ကသိုလ်။**

## စပိန်ဘာသာစကားသင်တန်း
### ဆရာမိုးသစ်

"ယနေ့ခေတ် လူငယ်တိုင်း ကမ္ဘာကြီးကို ပိုသိဖို့ စပိန်ဘာသာ လေ့လာကြစို့" **ဖုန်း-၆၆၃၀၈၅**

## ကျေးဇူးတင်ရှိခြင်း

၁၁-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားသော တောင်ငူမြို့ (၁)ရပ်ကွက်၊ ထီးလှိုင်ကန်ပတ်လမ်း၊ အမှတ်၁/၆ နေ ဗိုလ်ကြီးမောင်ဦး(ငြိမ်း) တောင်ငူခရိုင် လဝကဦးစီးမှူး၏ ဈာပနနှင့် ရက်လည်ဆွမ်းကျွေးတွင်ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဝန်ကြီးဌာနနှင့် ဦးစီး(ရုံးချုပ်)မှ အကြီးအကဲများ၊ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ရုံးဝန်ထမ်းများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ အဘက်ဘက်မှအားပေးခဲ့သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

## ဦးညိုကြည် (မြောင်းမြ)
### စာရင်းစစ်အရာရှိ (R.A)
### အသက်(၇၆)နှစ်

တိုက် (၁၁)၊ အခန်း(၁၀)၊ လမ်းသစ်ရိပ်သာ၊ လမ်းမတော်မြို့နယ်နေ (ဦးဘအေး-ဒေါ်သိန်းမေ)တို့၏ သား၊ (ဒေါက်တာဦးတင်- ဒေါ်ခင်စော)တို့၏ သားသမက်၊ ဒေါ်ခင်မူတင် (လဝက ငြိမ်း)၏ခင်ပွန်း၊ ဦးဘမြင့်၊ ဒေါ်ငြိမ်းရည်တို့၏ညီမောင်၊ (ဦးမောင်မောင်)၊ ဒေါ်ပြုံးရည်၊ ဒေါ်အေးနွဲ့တို့၏အစ်ကို၊ ဦးတင့်အောင်ကြည် (ထောင်မှူး၊ ငြိမ်း)-ဒေါ်အေးအေးခိုင်(ခိုင်လက်ဖက်အကြော်စုံ၊ မုန့်မျိုးစုံလုပ်ငန်း၊ ပုသိမ်)၊ ဒေါ်သီတာကြည် (လသာ-လဝက)၊ ဒေါက်တာနီလာကြည် (ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ဒေါ်ဝင်းဝင်းကြည်(အလက-၄၊ မရမ်းကုန်း)၊ ဒေါ်နေဝင်းကြည် (မစဘ၊ဘဏ်ခွဲ-၅)၊ ဒေါ်စန္ဒာကြည် (ဆေးသုတေသန)တို့၏ဖခင်၊ မခိုင်ဆုလဲ့ရည်၊ မယုမြတ်မွန်၊ မောင်အောင်ဆက်ပိုင်တို့၏ အဘိုးသည် (၁၄-၇-၂၀၀၄)ရက်ည ၈နာရီတွင် ကွယ်လွန်သွားပါ၍ (၁၆-၇-၂၀၀၄) ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၉၅၅၂ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ရန်ကုန်တိုင်း။**

## စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊**
**ဗိုလ်တထောင်မြို့နယ်**
**ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂။**

## ဝမ်းနည်းကြေကွဲခြင်း

ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၇/၂)၊ အမှတ် ၁၁၁၊ အုန်းတော ၃ လမ်းနေ ဦးကြည်ဝင်း(မြို့တော်စည်ပင်-ငြိမ်း)-ဒေါ်ရီလေးချို တို့၏မိခင် ဒေါ်ချွန်(ခ)ဒေါ်အေးမီ (၈၁)နှစ်သည် ၁၄-၇-၂၀၀၄ ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ**
**ချမ်းသာဆောက်လုပ်ရေး။**

## ကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူဖခင်ကြီး ဦးညိုကြည် (၇၆) နှစ် (R.A) စာရင်းစစ်အရာရှိ (မြောင်းမြ)၏ ဈာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ အားပေးစကားပြောကြားခဲ့သည့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

## ဦးစိုး
### မှတ်တမ်းရေးချုပ်
### ပြည်သူ့လွှတ်တော်ရုံး(ငြိမ်း)
### စစ်မှုထမ်းဟောင်းဗဟိုအဖွဲ့၊ ရုံးချုပ် (ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်တိုင်း၊ ပျော်ဘွယ်မြို့နယ်၊ (ဦးငွေဆင့်-ဒေါ်စိန်)တို့၏ သား၊ (ဦးသိန်း-ဒေါ်အုံးကြင်)တို့၏ သားသမက်၊(ဦးတိုး)၏ညီ၊ ဒေါ်အေးအေး(ခ) မလေး(အဝေးသင်တက္ကသိုလ်၊ ကျောင်းသားရေးရာဌာန၊ရန်ကုန် )၊ ဒေါ်စမ်းစမ်း (ပြည်သူ့လွှတ်တော်ရုံး)၊ (ဦးခင်မောင်သွင်)-ဒေါ်မြင့်မြင့်ရီ(ကလေးဆေးရုံကြီး)၊ (ဦးခင်မောင်ဦး)-ဒေါ်နီးနီးတို့၏ ဖခင်၊ မောင်နိုင်ဦး (ကွန်ပျူတာတက္ကသိုလ်)၊ မအိဖြူသဲ(တ-နှစ် အင်္ဂလိပ်စာအဝေးသင်)၊ မခင်သန့်စင်(ပထမနှစ် **GTC** )၊ မသဲချစ်စု(အထက-၂၊ စမ်းချောင်း)၊ မနန်းသီရိသွင်(အထက-၂၊စမ်းချောင်း) တို့၏ ဘိုးဘိုးကြီး၊အမှတ် ၉၊ လက်ပန်လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဒေါ်ခင်သန်း)၏ခင်ပွန်းသည်အထက်ပါနေအိမ်၌ ၁၈-၇-၂၀၀၄ ရက်(တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(အမှတ် ၉၊ လက်ပန်လမ်း၊စမ်းချောင်း မြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမ
## ဒေါ်မြင့်ရီ(ခ)မစွက်
### ဆားမလောက်၊ ညောင်တုန်းမြို့နယ်
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၇)ရပ်ကွက်၊ ဗိုလ်ကလေးဈေးလမ်း၊ အမှတ် ၄၇ (မြေညီထပ်)နေ (ဦးချစ်လှ-ဒေါ်ထွေး)တို့၏ သမီး၊ ဦးစိန်လှိုင်(ခ)ဦးတင်ကား၏ ဇနီး၊ ဦးမောင်မောင်မြင့်-ဒေါ်ကျင်ကျင်သန်း၊ ဦးကျော်သန်း-ဒေါက်တာဒေါ်ခင်ကြည်၊ ဦးခင်မောင်အေး-ဒေါက်တာဒေါ်လွင်မာဦး၊ ဒေါ်နီနီဝင်း၊ ဦးမောင်မောင်-ဒေါ်ဝါဝါရွှေ၊ ဦးတင်မောင်ထွေး-ဒေါ်ချိုအေးမိ၊ ဦးမင်းသူ-ဒေါ်ဝါဝါဝင်း၊ ဦးယဉ်ထွေး-ဒေါ်ခင်မျိုးဦးတို့၏မိခင်၊ မြေး၁၅ယောက်တို့၏အဘွားသည် ၁၇-၇-၂၀၀၄ ရက် (စနေနေ့)နံနက် ၆း၃၅ နာရီတွင် ဗဟိုရုံစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၀၄ က် (တနင်္လာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ဝမ်းနည်းကြေကွဲခြင်း
## သုခမ္မမဏိဇောတဓရ ဦးထွန်းဝေ
### (တောင်ကြီး)
### အသက်(၉၁)နှစ်

သူငယ်ချင်း ကိုမြင့်အောင်-မစည်စည်ထွေးတို့၏ ဖခင်ဖြစ်သူ ဦးထွန်းဝေ သည် ၁၃-၇-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆန်း-ကျော့၊ ချစ်-ပဲ၊**<br>
**ဝေ-သစ်၊အောင်-ခါ၊**<br>
**မိုး-မာ၊ သိန်း-သီ၊**<br>
**ကျော်-သက်၊ မိုး-လေး၊**<br>
**သက်-ဝေ၊**<br>
**တန်၊ ဦး၊ ဆင့်ဝေ။**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ကျော်
### အသက်(၅၃)နှစ်

ရွှေသံလွင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ DMD ဦးအောင်ကျော် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲမိပါကြောင်း။

**Golden Point Building Materials မှ BOD နှင့်**<br>
**ဝန်ထမ်းများ။**

## ဝမ်းနည်းကြေကွဲခြင်း

အချစ်ဆုံးသူငယ်ချင်း အိအိငြိမ်း၏ အမေကြီးဒေါ်စောရီ(၈၉)နှစ်သည် ၁၄-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သီတာအောင်။**

## ဦးထွန်းတင် (ရေကျော်)
### အသက်(၈၅)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အမှတ် ၂၁၊ ၁၅၇လမ်း၊ တာမွေကြီး(က+ဂ) ရပ်ကွက်နေ ဒေါ်ထွေး၏ ခင်ပွန်း၊ ဦးခင်မောင်ချို(MEIS၊ ငြိမ်း)၊ ဒေါ်လှလှ(CB Bank)၊ ဦးဝင်းကြည်-ဒေါ်နုနု၊ ဦးဇော်မြင့်-(ဒေါ်သောင်းသောင်းဝင်း) တို့၏ ဖခင်၊ ဦးအောင်လွင်ဦး-ဒေါ်ခိုင်လေးချို၊ မပပချို၊ မအိအိချို(CB Bank)၊ ကိုဝဏ္ဏဝင်း၊ မနွယ်နွယ်ဦး၊ ကိုဇော်အောင်(Grand Electronic)၊ မဖင်မာဝင်း (Follow me) တို့၏အဘိုး၊ မသိမ့်ဦးခိုင်၊ မအိမ့်ဦးခိုင်တို့၏ အဘိုးသည် ၁၇-၇-၂၀၀၄ ရက်(စနေနေ့)နံနက်၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၀၄ရက် (တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးစိန်ရီ
### ကုန်သွယ်/လယ်ယာ
### မန်နေဂျာ(ငြိမ်း)
### အသက်(၆၆)နှစ်

မတ္တရာမြို့နေ (ဦးမြမောင်-ဒေါ်မော်လတ်)၊ မန္တလေးမြို့နေ (ဦးမောင်မောင်လွင်)-ဒေါ်အယ်နီတို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးတင်မျိုးဦး-ဒေါ်မြင့်မြင့်ဝေ၊ မြောင်းမြမြို့နေ (ဦးသောင်းထွန်း)-ဒေါ်ခင်ဖြူဖြူဝင်း၊ သဲတောမြို့နေ (ဦးဘိုနီ)-ဒေါ်ခင်ဝင်းယု၊မန္တလေးမြို့နေ ဒေါ်မေမေလွင်၊ ဦးမျိုးလွင်၊ ဦးမြင့်ရွှေ(ဝင်းမြင့်/ လှိုင်နဒီစက်မှုလက်မှု)-ဒေါ်ဇင်မာလွင်၊ ကလောမြို့နေ ဦးစိန်မျိုးသန့်-ဒေါ်ချိုမာလွင်တို့၏ အစ်ကို၊ မတ္တရာမြို့ ၂/၅၅၀ မြို့သစ်နေ ကိုအောင်အောင်၊ မသူဇာ(အထက-၈၊ မန္တလေး)၊ မအေးအေးရီ(အထက-၁၊ မတ္တရာ)၊ ကိုလွင်မျိုးထက်တို့၏ဖခင် ဒေါ်တင်ဝင်းလွင်၏ ခင်ပွန်းသည် ၁၈-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီးမှ ကြာနီကန်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမောင်နှမများ။

## ဦးဘသန်းတင်
### အထက(၆)၊ အလုံ
### ကျောင်းသားဟောင်း
### အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၄၊ ဧရာဝတီလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်နေ (ဒေါ်စန်းမြင့်)၏တူ၊ (ဦးတင်မောင်ကြည်-ဒေါ်ကြည်ငွေး) တို့၏ ဒုတိယသား၊ ရန်ကုန်မြို့၊ စက်ဘီးစက်ရုံဝင်း၊ စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးအေးသိန်း-(ဒေါ်အေးကြည်)တို့၏ သားသမက်၊ ဒေါ်လွင်မင်းကြည် (ခ) တူးမာ၏ ခင်ပွန်း၊ ဦးခင်မောင်တင်၏ ညီ၊ ဒေါ်မေသက်တင် (MEPE)အလုံ၊ ဦးမင်းစိုး-မချိုနွယ်တင်၊ ဒေါ်ဥမ္မာတင် (ဆသရ)၏အစ်ကိုလေး၊ မချစ်စုဟိန်း(အထက-၆၊ အလုံ၊ VIII-B)၊ မဖူးပွင့်ကြည် (အထက-၆၊ အလုံ) KG(A) တို့၏ဖခင်၊ မမြမျိုးမြင့်နွယ်(အထက-၆၊ အလုံ)၊ မသီရိရုံခြယ်တို့၏ ဘဘလေးသည်၁၈-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၃း၄၅ နာရီတွင် အာရှတော်ဝင်အထူးကု ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## သတိပေး နှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီ ထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခ ပိုမိုတောင်းခံပါက ထိထိ ရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉

(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄

(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**<br>
**ကြီးကြပ်မှုကော်မတီ။**

## ဒေါ်စိန်ခိုင်
### သာဝတ္ထိရွာ၊ ခင်ဦးမြို့နယ်
### အသက်(၈၆)နှစ်

စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ သာဝတ္ထိရွာနေ ကျောင်းအုပ်ဆရာကြီး (ဦးလှရွှေ)၏ ဇနီး၊ ပြင်ဦးလွင်မြို့နေ ဦးသန်းတင်-ဒေါ်ခင်စန်း၊ မိုးကောင်းမြို့နေ ဦးအောင်ငွေး-ဒေါ်အမာကြည်၊ သာဝတ္ထိရွာနေ ဦးစိန်ဝန်- ဒေါ်ခင်ချော၊ မန္တလေးမြို့နေ ဦးအောင်တင်- ဒေါ်မြမြဝင်း၊ ခင်ဦးမြို့နေ ဦးတင်မောင်ရွှေ- ဒေါ်တင်တင်ဆွေ၊ မန္တလေးမြို့နေ ဦးထွန်းရီ- ဒေါ်ယဉ်ယဉ်မေ၊ ရန်ကုန်မြို့နေ ဦးဇော်မြင့်-ဒေါ်ယဉ်ယဉ်ရွှေ၊ ဦးအောင်မျိုးညွှန့်-ဒေါ်သင်းသင်းနွယ်တို့၏မိခင်၊ မြေး ၂၈ ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွားသည် ၁၈-၇-၂၀၀၄ရက် နံနက် ၃နာရီ တွင် သာဝတ္ထိရွာ နေအိမ်၌ ကွယ်လွန် သွားပါ၍ ၁၉-၇-၂၀၀၄ ရက် တ၀င် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဦးသောင်းငွေး
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### စာရင်းစစ်ချုပ်ရုံး
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ကောလိယ ၃၁ လမ်း၊ အမှတ် ၃၄၃ နေ (ဦးဘဆိုင်-ဒေါ်ကြွေ)-ဒေါ်လှဘီ တို့၏ သား၊ (ဒုတိယဗိုလ်မှူးကြီးတင်မြင့်)-ဒေါ်ရင်မေ တို့၏တူ၊ (ဦးသန်းရင်-ဒေါ်မြသီ)တို့၏ သားသမက်၊ ဒေါ်ဝင်းကြည်၏ ခင်ပွန်း၊ မချိုမာငွေး၊ (ကိုကျော်ဝင်းငွေး)၊ ကိုနေမျိုးထွန်း-မနှင်းနှင်းငွေး(လဝက)၊ မတင်မိုးငွေး (တက်နေကုမ္ပဏီ)တို့၏ ဖခင်သည် ၁၈-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ၃နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ဦးသောင်းငွေး
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### စာရင်းစစ်ချုပ်ရုံး
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ကောလိယ ၃၁ လမ်း၊ အမှတ် ၃၄၃ နေ (ဦးဘဆိုင်-ဒေါ်ကြွေ)-ဒေါ်လှဘီ တို့၏ သား၊ (ဒုတိယဗိုလ်မှူးကြီးတင်မြင့်)- ဒေါ်ရင်မေတို့၏တူ၊ (ဦးသန်းရင်-ဒေါ်မြသီ) တို့၏ သားသမက်၊ ဒေါ်ဝင်းကြည်၏ ခင်ပွန်း၊ ဦးသန်းငွေး-ဒေါ်ခင်မျိုးတင့်၊ (ဦးသိန်းငွေး)- ဒေါ်ခင်မြင့်စန်း တို့၏ညီ၊ (ဗိုလ်မှူးမြတ်ငွေး)- ဒေါ်နုနုရီ၊ ဦးတင်ငွေး-(ဒေါ်သန်းသန်းဆင့်)၊ ဦးမောင်ဒွေး-ဒေါ်ခင်ခင်ငွေး၊ ဦးမြင့်ဝင်း-ဒေါ်ရင်ရင်ငွေး၊ ဗိုလ်မှူးဝင်းငွေး-ဒေါ်လီလီစိုး၊ ဦးနေဝင်း-ဒေါ်မာမာသိန်း၊ ဒေါ်မြင့်မြင့်စိုး၊ ဒေါက်တာမြင့်မြင့်ငြိမ်း (ဆေးတက္ကသိုလ်-၂)၊ ဦးကြည်ငွေး-ဒေါ်ခင်သန်းတင့်တို့၏အစ်ကိုသည် ၁၈-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်မြိုင်(ခ)ဒေါ်ဒေါ်ပုံ
### အသက်(၆၀)

သန်လျင်မြို့နေ(ဆေးဆရာကြီးဦးဘခင်-ဒေါ်စိန်ချစ်)တို့၏သမီး၊ ဦးညို-ဒေါ်အုံးပွင့်တို့၏သမီးချွေးမ၊ဒေါ်တင်နု၊ဦးထွန်း-ဒေါ်ခင်အေး၊ ဦးသိန်းဟန်-ဒေါ်အယ်မာ၊ ဒေါ်ခင်ပု၊ ဒေါ်မြကျင်တို့၏ညီမ၊ ဒေါပုံမြို့နယ်နေဦးတင်-ဒေါ်စန်းကြည်တို့၏ အစ်မ၊ ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ခမ္မာရုံလမ်း၊ အမှတ် ၆၄၄နေ ကိုမျိုးဆွေ-မစန်းစန်း၊ လှည်းကူးမြို့နေ ကိုမျိုးနိုင်-မသန်းသန်းအေး၊ ကိုထွေးသိန်း-မဇင်မာစိုး၊ မသက်သက်လွင်၊ မခိုင်ခိုင်၊ မောင်ဝင်းဗိုလ်ဗိုလ်တို့၏ မိခင်၊ မြေး ခုနစ်ယောက်တို့၏အဘွား၊ ဦးစံသိန်း(ပြည်တော်သိန်းတွင်ခုံ)၏ ဇနီးသည် ၁၇-၇-၂၀၀၄ ရက် (စနေနေ့) နံနက် ၁၂း၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ခမ္မာရုံလမ်းနေ အိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
## ဒါယိကာမကြီး
## ဒေါ်ကြင်အေး (တွံတေး)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်အမှတ် ၂၆၅၊ အခန်း ၁၇ နေ (ဦးဘိုးဝါ-ဒေါ်သဲညွှန့်)တို့၏သမီး၊ (ဦးဖွမ်းရှိန်-ဆိပ်ကမ်း ကုန်ဝန်ထောက်၊ ငြိမ်း)၏ဇနီး၊ ဦးကြင်ရှိန် (ဆလရဝန်ကြီးရုံး၊ ငြိမ်း)-ဒေါ်မြင့်မြင့်သန်း (စိုက်/မွေး)၊ ဦးတင်ဝင်း-ဒေါ်ဝင်းဝင်းအုန်း၊ ဦးနေဝင်းကြည် (လွှယ်ဟိန်း)-ဒေါ်လှမြင့် (စက်မှု ဆေးဝါး၊ငြိမ်း)၊ ဒေါ်ခင်အေးမြင့် (အထက-၁၊ ဒဂုံ)၊ဒေါ်တင်တင်လှ၊ဦးစိန်ဝင်းမြင့် (မြန်မာ့ရေနံ)၊ ဦးသိန်းငွေး (စစစ၊ မန္တလေးတိုင်း)-ဒေါ်စမ်းစမ်းမြင့်၊ ဦးတင်မောင်ထွေးတို့၏ မိခင်၊ ဒေါ်နီနီရှိန် (စိုက်/မွေး)၊ ဒေါ်ဖြူဖြူရှိန်(စက်မှု၊ ဆေးဝါး)၊(ဇေယျာရှိန်)၊ဒေါ်အိအိရှိန် (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒေါ်ချောယုယုဝင်း (အထက-၁၊ဒဂုံ၊ကွန်ပျူတာ)၊ မောင်သက်မင်းထွန်း၊ မောင်ဉာဏ်လင်းထွန်း (B.Sc Final)၊ မနှင်းစန္ဒာလှိုင် (I X G အထက-၁၊ဒဂုံ)၊ မခိုင်ခိုင်ဝင့်ရည်(I V F အထက-၁၊ဒဂုံ) တို့၏ အဘွားသည် ၁၅-၇-၂၀၀၄ရက် နံနက် ၀၀း၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၀၄ ရက် ညနေ ၃နာရီတွင် ရေဝေးအအေး တိုက်မှရေဝေး သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## လီကွေ့ရင်း(ခ)ဒေါ်အမွေး
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁၊ သရဖီလမ်းနှင့် အမှတ် ၈၊ အာသာဝတီလမ်း၊ အလုံမြို့နယ် နေ (လီခိုင်းထုံး-ဒေါ်မြပွင့်)တို့၏ သမီးကြီး၊ (တန်နန်ချောင်း-လူချူးလန်)တို့၏ သမီး ချွေးမ၊(တန်ကြုံဖီး(ခ) ဦးကျော်ဝင်း)၏ ဇနီး၊ ချူစေ့လျောင်း- Dr. တင်မေလှ၊ မောင်ဝင်းလှိုင်၊ မယဉ်ယဉ်လှ၊ မပုလဲမေတို့၏ မိခင်သည် ၁၆-၇-၂၀၀၄ ရက် (သောကြာနေ့)တွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်၈၊ အာသာဝတီလမ်း၊ အလုံမြို့နယ် နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ကိုအောင်ဇော်ဦး
### (သံပန်းသံတံခါး)
### အသက်(၄၃)နှစ်

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ပေါက်တပင်ကျေးရွာနေ(ဦးထွေးမောင်-ဒေါ်အုန်းစိန်)၊ (ဦးရွှေထုံး-ဒေါ်ကြွေ)တို့၏မြေး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၂၉)ရပ်ကွက်၊ မဟာဇန္ဒုလလမ်း၊အမှတ် ၂၇ နေ ဦးလှသိန်း-(ဒေါ်သိန်းမြင့်) (သံပန်းသံတံခါး လုပ်ငန်း)တို့၏ သားကြီး၊ ညောင်လေးပင်မြို့နေ (ဦးအောင်ကြည်ညွှန့်)-ဒေါ်ဝင်းစိန်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊(၅၀)ရပ်ကွက်နေ ဦးကြည်ညွှန့်-ဒေါ်သိန်းဝင်း၊ (ဦးအောင်မြ)၊ ဒိုက်ဦးမြို့နေ (ဦးသန်းမောင်)-ဒေါ်အေးမျှင်၊ ဖောင်တော်သီမြို့နေ (ဦးအောင်ထွန်း-ဒေါ်လှသူ)တို့၏ တူ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၇၁) ရပ်ကွက်၊ဗိုလ်မင်းရောင်(၆)လမ်းနေ မချို၏ခင်ပွန်း၊ မဆန်းသီဂီနွယ်၊ မောင်သီဟအောင်၊ မဆုမွန်ဇော်တို့၏ ဖခင်၊ ကိုအောင်နေမျိုး၊မမြင့်မြင့်စန်း၊ ကိုစိုးနိုင်-မသက်သက်မာ(ယဉ်ကျေးမှုတက္ကသိုလ်၊ စာကြည့်တိုက်)၊ ကိုဇော်မိုးအောင်၊ ကိုလှမျိုးအောင်-မသူဇာလွင်၊ ကိုငွေးလှိုင်-မနီလာသိန်း တို့၏ အစ်ကိုကြီး၊ တူ တူမ ရှစ်ယောက်တို့၏ဘကြီးသည် ၁၇-၇-၂၀၀၄ ရက်(စနေနေ့)နံနက်၀၀း၃၀ နာရီ တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၀၄ ရက် (တနင်္လာ နေ့)ညနေ ၃ နာရီတွင် ရေဝေသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## မောင်ကျော်မိုး
### အသက်(၃၂)နှစ်

ဒဂုံမြို့သစ်(တောင်ပိုင်း)၊အမှတ် ၁၂၃၊ (၁၈)ရပ်ကွက်၊ စည်ပင်လမ်းနေ (ဦးညိုအိ)-ဒေါ်ငွေးတို့၏သား၊ ကိုမြတ်မိုး-မသန်းသန်းလွင်၊ ကိုဗိုလ်ကြီး-မခင်မိုး တို့၏ ညီ/မောင်၊ ကိုသန်းနိုင်-မလှလှမိုး တို့၏ အစ်ကိုသည် ၁၇-၇-၂၀၀၄ရက် ည ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၀၄ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊
## ကျောင်းဒါယကာကြီး
## ဦးညိုမောင်
### မိဘမေတ္တာသစ်ခွဲစက်
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ စက်မှု ဇုန်(၈)ရပ်ကွက်၊ ၂လမ်း၊ အမှတ် ၁၁၅နေ (ဦးပန်းသာ-ဒေါ်ပု)တို့၏ သား၊ (ဦးအေးမောင်-ဒေါ်ထွေး)တို့၏ သားသမက်၊ ဒေါ်ခင်ရွှေ၏ခင်ပွန်း၊ (ဦးထွန်းဝေ-ဒေါ်တင်ဥ)၊ ဦးအေးမောင်-ဒေါ်ယဉ်နု၊ (ဦးလှမိုး)-ဒေါ်တင်သန်းတို့၏ ညီ/မောင်၊ ဦးဖုန်းကျော်-ဒေါ်ဝင်းဝင်းနွဲ့၊ ဦးကျော်မြင့်-ဒေါ်ကြည်ကြည်စိန်၊ ဒေါ်အုန်းကြည်၊ ဦးသိန်းအောင်-ဒေါ်သွယ်သွယ်သန်း၊ ဦးသန်းထွန်း -ဒေါ်ပပဆန်း၊ ဒေါ်သန်းသန်းဝင်း၊ ဦးစိုးသန်း-ဒေါ်စန္ဒာမြင့်တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏ အဘိုးသည် ရန်ကုန်မြို့ သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ၁၈-၇-၂၀၀၄ရက် မွန်းလွဲ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၀၄ရက် ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
## ဒါယကာကြီး
## ဦးသွင်ညွှန့်
### မြန်မာ့ရေနံရောင်းဝယ်ရေး
### (ဒု/ဂျာ၊ငြိမ်း)
### (ကျိုက်လတ်မြို့)
### အသက်(၆၆)နှစ်

ကျိုက်လတ်မြို့နေ (ဦးတင်ဦး-ဒေါ်ကျင်နု) တို့၏ သား၊ (ဦးသစ်-ဒေါ်ရိမ်)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်၏ ခင်ပွန်း၊ ဦးကြည်မောင်-ဒေါ်ခင်အေးတို့၏မောင်၊ ဦးသိန်းအောင်-ဒေါ်ခင်သန်းဆင့်တို့၏ အစ်ကို၊ ကိုစိုးကိုကိုသွင်၊ ကိုမင်းကိုကိုသွင်၊ မလင်းနန္ဒာသွင်တို့၏ ဖခင်သည် ၁၇-၇-၂၀၀၄ ရက် ည ၇း၃၀နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ် လမ်းကျယ်၊ အမှတ် ၁၁၊ ကျောက်မြောင်းနေအိမ်၌ ကွယ်လွန်ပါသဖြင့် ၁၉-၇-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဒေါ်ထွေးညွှန့်
### (မြိတ်)
### အသက်(၆၉)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ Bလမ်းနှင့် မြိတ်မြို့၊ တောရပ်ကျောင်းရပ်နေ ဦးယုလွင် ၏ဇနီး၊ ဦးအော်စိန်-ဒေါ်မီမီလွင်၊ ဒေါ်စီစီလွင်၊ ဦးဝင်းနိုင်-ဒေါ်စိုးစိုးခိုင်၊ ဦးကျော်နိုင်၊ ဦးအောင်မွန်-ဒေါ်လီလီမြင့်၊ ဦးစန်းကိုကိုတို့၏မိခင်၊ မောင်ဇော်ဦးလွင်(မြိတ်တက္ကသိုလ်)၊ မောင်အောင်ကျော်မိုး(မြိတ်တက္ကသိုလ်)၊ မောင်မျိုးကျော်ဟန်(မြိတ်တက္ကသိုလ်)၊ မောင်ဖြိုးကျော်ဟန် (VIIA, T.T.C)၊ မချောစုမွန်(IVI , T.T.C)၊ မနှင်းယုယအောင် (IIB, T.T.C)၊ မအိမွန်ကို (အမက၊ မြစ်ငယ်)၊ မငုဝါပွင့်၊ မောင်ခန့်ထူးဇော်တို့၏အဘွားသည် ၁၈-၇-၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် တောရပ်ကျောင်းနေအိမ်မှကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## အောင်စိုးဦး
### (နဝမတန်း-ဂ၊ အထက၊
### ကျောက်တံတား၊)
### အသက်(၁၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)၊ အမှတ် ၂၊ သီရိမင်္ဂလာလမ်း၊ ပထမထပ်နေ ဦးဝေါင်ဆွေရင် (အယ်မ်း)-ဒေါ်နန်းခင်လေးရီ(ဒေါ်ခါးခါး)တို့၏ တစ်ဦးတည်းသော သား၊ နန်းအေး သီခိုင်(ဖိန်ဖိန်)၊ နန်းထက်ထက်ခိုင်တို့၏မောင်၊ နန်းအေးမိထွေး၏ အစ်ကိုသည် ၁၇-၇-၂၀၀၄ရက် နံနက်၉း၃၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၀၄ရက် (တနင်္လာနေ့) နံနက်၁၁နာရီတွင် ရန်ကုန် ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများနံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ရဟန်းအမကြီး
## ဒေါ်ကြည်အေး
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ အမှတ် ၂၅၊ ပေ ၅၀လမ်းနေ ဦးဘိုကေ၏ဇနီး၊ ဒေါ်ခင်မြင့်၏အစ်မ၊ ဦးထွန်းအေး (အထက၊ ရေတာရှည်)၊ ဒေါ်ခင်စိုးမင်း(ကျောင်းအုပ်ဆရာမကြီး၊ အထက၊ ဆွာမြို့)၊ ဒုတိယဗိုလ်မှူးကြီး မောင်ဝင်း- ဒေါ်နန့်သန်းမြင့် (မန္တလေး)၊ ဦးစိုးသန်း-ဒေါ် အေးသန်းနွယ်၊ ဦးစိုးအောင်-ဒေါ်ခင်ခင်လေး၊ ဦးမင်းဦး-ဒေါ်တင်တင်မြင့်၊ ဦးထွန်းမြင့်-ဒေါ်အေးအေးသိန်းတို့၏ မိခင်၊ ဦးသန်းလှိုင်ဦး၊ ဒေါ်အေးအေးသန့်(အထက-၁၊ မရမ်းကုန်း)၊ဦးတင်ထွန်းဦး-ဒေါ်မြူရီရယ်၊ မလှလှသန့်-မောင်တင့်လွင်ဦး၊ မောင်ဘိုဘိုထွေးတို့၏ အဒေါ်၊ မြေး ၁၉ယောက်မြစ်ငါးယောက်တို့၏အဘွားဖြစ်သူသည် ၁၈-၇၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက်၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်စိန်နု
### (မောင်တောမြို့)
### အသက်(၈၁)နှစ်

မောင်တောမြို့နေ (ဦးဘဦး-ဒေါ်မနု) တို့၏ သမီးထွေး၊ (ဦးအောင်ကြီး-ဒေါ်မြသန်း)၊ (ဦးစံရွှေဘော်-ဒေါ်မစိန်)၊ (ဦးဦးစောထွန်း)- ဒေါ်အေးခင်၊ ဦးရွှေသာအောင်-ဒေါ်အုံးခင်၊ (ဦးမောင်မောင်လှ-ဒေါ်ခင်စောဝင်း)တို့၏ ညီမ/အစ်မ၊ ရန်ကုန်မြို့၊ လမ်း၁၂၀၊ အမှတ် ၅၈နေ ဦးသာကျော်၏ဇနီး၊ ဦးထွန်းဝေ-ဒေါ်ရို့စ်မာရီအေး၊ ဦးကျော်ဝင်း(3/E, PIL)- ဒေါ်သိန်းသိန်းစု၊ ဦးသာဇံ(2/O, PIC)- ဒေါ်လှငွေး(ကထိက၊ ရက္ခဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ မတင်ငွေး(ခ)ယုစံတို့၏မိခင်၊ မြတ်ပွင့်သူ၊ မလှသီတာဇံ၊ မအေးချမ်းခိုင်တို့၏ အဘောင်ရှင်သည် ၁၇-၇-၂၀၀၄ရက် ည၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးပေါလ်
### ဒုအရာခံဗိုလ်(ငြိမ်း)
### တပ်မတော်-ရေ
### အသက်(၈၀)

သန်လျင်မြို့၊ ကွမ်းခြံကုန်းကျေးရွာ၊ အိမ် အမှတ် ၂၆၀ နေ ဒေါ်ချောစိန်၏ ခင်ပွန်း၊ ဦးမောင်တင်-ဒေါ်မေရီသန်း၊ ရစ်ချက် (ခ) မောင်ချစ်-ဒေါ်တင်လှ၊ ဦးမျိုးမြင့်(ခ)ကိုဝေလီ(ကိုဝေလီနှင့် ညီများ ဒိုင်နမိုမော်တာပြုပြင်ရေး)-ဒေါ်စုမြတ်ဆန်းသစ်၊ ဦးအောင်မျိုးလွင်-ဒေါ်ဥမ္မာမြင့်တို့၏ဖခင်၊ကိုတီးတီး၊ မဂျူးဂျူးတို့၏ဦးလေး၊ မြေး၁၃ယောက်တို့၏ အဘိုးသည် ၁၈-၇-၂၀၀၄ရက် နံနက် ၄း၀၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၇-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ခရစ်တော်၌အိပ်ပျော်ခြင်း
## UPa Sa Lian Kap
### အသက်(၅၇)နှစ်

ဖလမ်းမြို့၊ ဖာရ်ထောက်ရပ်ကွက်နေ (Pu Sangluai- Pi Khuakil) တို့၏ ဒုတိယသား၊ Pi Kaphnuni၏ခင်ပွန်း၊ Pu Vanlalawia(B.A)-Pi˚V.L˚ Hmangaihzuali, NI Za Aithluai [(B.A)သူနာပြုဆရာမ၊ ကလေးဆေးရုံကြီး၊ ရန်ကုန်မြို့]၊ NI Lalzamliani (B.Sc),Tv˚V.L˚Nghaka(B.A)တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၈-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင် အရိုးကုဆေးရုံကြီးတွင်ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၉-၇-၂၀၀၄ရက် (တနင်္လာနေ့) တွင် မွန်းလွဲ၂နာရီတွင် ရေဝေးခရစ်ယာန်သင်္ချိုင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(အမှတ် ၅၈၊ ဒေါ်သိန်းတင်လမ်း၊ လမ်း၉၀ထိပ်၊ ကန်တော်လေး နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။**

**R. 488**

# နိုင်ငံတကာရေးရာကိစ္စတွင် မြန်မာနှင့်တရုတ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိ နှစ်နိုင်ငံအကြားချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကျေနပ်အားရဖွယ်ကောင်း တရုတ်တစ်နိုင်ငံတည်းမူဝါဒကို နိုင်ငံတကာတွင်ရပ်တည်ပေးရန် မြန်မာနိုင်ငံကတိပြု

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်**

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးတွင် စွမ်းအင်၊သတ္တုဆက်သွယ်ရေး စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးအားဖြည့်ပေးလို မြန်မာနိုင်ငံမှအဆိုပြုသည့် စီးပွားရေးစီမံကိန်းများအတွက် အကူအညီပေးမည်

**တရုတ်ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်**

ရန်ကုန် ဇူလိုင် ၁၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဇူလိုင် ၁၂ ရက် ညနေ ၅ နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ ကျင်းပသည်။**

## တရုတ်ဝန်ကြီးချုပ်ကြိုဆို

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့တက်ရောက်ရန် ခေတ္တတည်းခိုသည့် ပေကျင်းမြို့ရှိ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာမှ ပြည်သူ့ခန်းမဆောင်ကြီးသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ရင်ပြင်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က လှိုက်လှဲခင်မင်စွာကြိုဆိုသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ၎င်းနှင့်အတူကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

## ပြန်လည်မိတ်ဆက်

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြန်လည်မိတ်ဆက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ■

## အလေးပြုခြင်းကိုခံယူ

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)**